# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၅) ရက်၊ စနေနေ့ ၊ (22-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၈၈၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊

**စာမျက်နှာ ၁၇ ကော်လံ ၅ ☞**

**ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်**

စာမျက်နှာ - ၁၇

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး**

စာမျက်နှာ - ၁၇

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေး**

စာမျက်နှာ - ၁၇

**ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ**

စာမျက်နှာ - ၁၉


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊

E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊

Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၂၂ ရက်
အယ်ဒီတာ့အာဘော်

# လုပ်ငန်းခွင်မှ ဘဝအောင်မြင်ရေးဆီသို့

လူတိုင်းသည် မိမိတို့ဘဝတွင် အောင်မြင်တိုးတက်ရေးကို အလိုရှိကြသည်။ ဘဝအောင်မြင်တိုးတက်ရေးအတွက် မွေးသည်မှ သေသည်ထိ လှုပ်ရှားရုန်းကန်ကြရင်း အခက်အခဲ အကျပ်အတည်းများကို တွေ့ကြုံဖြတ်သန်းကြရသည်။ မိမိတို့ဘဝကို သာမန်မျှနှင့်မကျေနပ်နိုင်ဟု ခံယူလေသူမှန်သမျှသည် မိမိရည်မှန်းချက်၊ မိမိရွေးချယ်လုပ်ကိုင်နေသော လုပ်ငန်းခွင်အသီးသီးတို့၌ ထိပ်တန်းအဆင့်ရောက်ရှိနိုင်ရန် လုပ်သင့်လုပ်ထိုက်သည်မှန်သမျှကို ရဲရဲဝံ့ဝံ့ဆောင်ရွက်သင့်ပေသည်။

လုပ်ငန်းခွင်တွင် မိမိက ကာယဉာဏစိုက်ထုတ်ဆောင်ရွက်နေရသလို မိမိဘဝအောင်မြင်ရေးအတွက် အတွေ့အကြုံများစွာ ပြန်လည်ရရှိနိုင်သည်။ လုပ်ငန်းခွင်တွင် အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကို ကျော်လွှားနိုင်အောင်ကြိုးစားရင်း မိမိတွင် လုပ်ငန်းအတွေ့အကြုံနှင့် ပြဿနာများဖြေရှင်းနည်းများစွာ ပိုမိုသိရှိလာမည်။ အခက်အခဲပြဿနာများ အောင်အောင်မြင်မြင် ရင်ဆိုင်ဖြေရှင်းလာနိုင်သည်နှင့်အမျှ မိမိကိုယ်ကို ယုံကြည်မှုရှိလာသလို စိတ်အင်အားများစွာ တိုးပွားလာပေမည်။ အများနှင့်သင့်တင့်ပြေပြစ်လိုက်လျောညီထွေစွာ ပြောဆိုပေါင်းသင်းတတ်သည့် ပေါင်းသင်းဆက်ဆံရေးစွမ်းရည်များ တိုးပွားလာပြီး ကြိုးစားမှုရလဒ်အသီးအပွင့်များ ခံစားရရှိလာပေလိမ့်မည်။

ထို့ကြောင့် မိမိ၏ လုပ်သင့်လုပ်ထိုက်သည့်အလုပ်များကို နှောင့်နှေးမှုမရှိအောင် စိတ်ရင်းစေတနာမှန်ဖြင့် အကောင်းဆုံးဖြစ်အောင် လုပ်တတ်သည့်အလေ့အကျင့်ကို မွေးမြူဆောင်ရွက်ရပေမည်။ ထိုသို့ အလုပ်ကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်ဆောင်ရွက်နေခြင်းသည် မိမိတွင် အသိပညာများ တိုးပွားပွင့်လန်းလာသည်သာမက ထက်၊ အောက်၊ ရွယ်တူ လုပ်ဖော်ကိုင်ဖက်များ၏ အတုယူအပ်သော စိတ်ထားများ၊ အတုမယူအပ်သော စိတ်နေစိတ်ထားများကို တွေ့မြင် ပညာရနိုင်ပေသည်။ မိမိအလုပ်သည် အများအတွက်ပါ အကျိုးရှိသည့်အလုပ်အဖြစ် သိရှိရလေလေ လုပ်ရကိုင်ရသည်မှာလည်း စိတ်ဓာတ်ပိုမိုနိုးကြားတက်ကြွလာလေလေဖြစ်လာပေမည်။

လုပ်ငန်းခွင်တွင် နိုးကြားတက်ကြွစွာ စေတနာထားဆောင်ရွက်နေပါသော်လည်း အထင်အမြင်လွဲမှားခံရမှု၊ ဝေဖန်ရှုတ်ချပြောဆိုခံရမှုများ၊ ကြင်နာမှုကင်းမဲ့သောသူများနှင့်လည်း ကြုံဆုံရသဖြင့် စိတ်မချမ်းမြေ့မှုဖြစ်ပေါ်ရနိုင်ပေသည်။ လူတိုင်းသည် အချိန်နှင့်အမျှ ကံအကျိုးပေးနေသည့်အတွက် ထိုသို့သောစိတ်မချမ်းမြေ့ဖွယ်များသည် အရင်က မကောင်းခဲ့ခြင်းအတွက် ယခုကဲ့သို့ မကောင်းမှုနှင့်ကြုံရခြင်းဖြစ်ပြီး ယခု စိတ်မချမ်းမြေ့မှုအပေါင်းအပေါ် သည်းခံစိတ်မွေး၍ ယခုကောင်းအောင်ကုသိုလ်တရားဖြစ်အောင်နေလျှင် ယခုဘဝသာမက နောင်သံသရာထိပါ ကောင်းမှုကုသိုလ်အကျိုးပေးကြောင့် နှစ်လိုကျေနပ်ဖွယ်ကောင်းသော ဘဝအခြေအနေမျိုး၊ အောင်မြင်ပျော်ရွှင်နေသူအဖြစ်သို့ မလွဲမသွေပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။

လောက၌ ဘယ်အရာမဆို တန်ရာတန်ဖိုးရှိစမြဲဖြစ်ပါသည်။ အောင်မြင်သောဘဝဟူသည် ကျားကုတ်ကျားခဲတည်ဆောက်ယူရစမြဲလည်းဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းခွင်မှ ဘဝအောင်မြင်ပေါက်မြောက်တိုးတက်သူများအဖြစ်သို့ လျှောက်လှမ်းရာတွင် စိတ်စေတနာအရင်းခံကာ အားသွန်ခွန်စိုက် လုံ့လဝီရိယရှိရှိ လုပ်ဆောင်ရပေမည်။ သို့မှသာ သူလိုကိုယ်လို သာမန်အဆင့်ထက်ပိုသော ပြောင်မြောက်ထူးချွန်အောင်မြင်သူတစ်ဦး အမှန်တကယ်ဖြစ်လာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# အမရပူရမြို့နယ် အိုးထုတ္တန်းဆိပ်ကမ်းအနီး ဒုဋ္ဌဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခုနစ်သိန်း မျိုးစိုက်ထည့်




**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် အမရပူရမြို့နယ် အိုးထုတ္တန်းဆိပ်ကမ်းအနီး ဒုဋ္ဌဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းတို့ ပူးပေါင်းပြီး နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ဒုဋ္ဌဝတီမြစ်အတွင်း စိုက်ထည့်ပေးခဲ့ကြောင်း၊ စိုက်ထည့်ပေးခဲ့သည့် ငါးမျိုးများမှာ ငါးမြစ်ချင်း၊ ရွှေဝါ ငါးကြင်းနှင့် ငါးခုံးမကြီးတို့ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းနှစ်ခုက နေပြီးတော့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ဒုဋ္ဌဝတီမြစ်အတွင်း စိုက်ထည့်ပေးခဲ့တာပါ။ ငါးအမျိုးအစားသုံးမျိုးကို စိုက်ထည့်ပေးတာပါ။ သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေ သုံးသိန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေလေးသိန်းကို စိုက်ထည့်ပေးခဲ့ပါတယ်။ နှစ်စဉ် စခန်းအလိုက် ခွဲတမ်းကျ ငါးမျိုးတွေစိုက်ထည့်ပေးတာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးခရိုင် ငါးလုပ်ငန်းစခန်းတာဝန်ခံ၊ ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်စေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်ရည်ရွယ်၍ ငါးသားပေါက်များကို နှစ်စဉ် စိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇူလိုင် ၂၁**

မန္တလေး အိမ်ခြံမြေဈေးကွက်သည် အရောင်းအဝယ်အေးနေသော်လည်း ရပ်ဆိုင်းသွားခြင်းမျိုး မရှိဘဲ ငွေကျပ်သိန်း ၁၀၀၀ အောက်အိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်နေပြီး ငှားရမ်းမှုများလည်း မြင့်တက်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းမှုများတွင် ယခင်က ဈေးနှုန်းအသင့်အတင့်သာရှိခဲ့ရာမှ ငှားရမ်းမှု များလာခြင်းကြောင့် ဈေးနှုန်းများမြင့်တက်လာကြောင်း၊ တစ်လလျှင် ငွေကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ နေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

"မြို့သစ်ပိုင်းတွေဘက်မှာတော့ အရောင်းအဝယ် ရှိနေသေးတယ်။ ငွေကျပ်သိန်း ၁၀၀၀ လောက် ဈေးတန်းလေးတွေ အရောင်းအဝယ်ရှိနေသေးတယ်။ မြို့တွင်းပိုင်းကတော့ အရောင်းအဝယ်မရှိသလောက်ပဲ။ အချို့အကွက်တွေဆိုရင် မူလက ပေ (၄၀×၆၀)၊ ပေ (၆၀×၆၀) မျိုးရှိတာကို ခြမ်းပြီးရောင်းနေတာမျိုးရှိတယ်"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းက ပြောပြသည်။

အငှားဈေးကွက်တွင်လည်း လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် အဓိကလမ်းမကြီးများပေါ်ရှိ အဆောက်အအုံပါနေရာများနှင့် ဈေး၊ ကျောင်းအနီးဝန်းကျင် ရပ်ကွက်များ၊ လမ်း ၈၀၊ ၈၄ လမ်း၊ ၃၅ လမ်း၊ ၆၂ လမ်း၊ ၇၈ လမ်း၊ လမ်း ၃၀၊ မန္တလေးတက္ကသိုလ်အနီးဝန်းကျင်၊ ဆေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ၊ ဘူတာကြီးအနီးဝန်းကျင်နှင့် ကျွဲဆည်ကန်ကားကွင်း အနီးဝန်းကျင်များရှိ ကျယ်ဝန်းသောမြေကွက်များ ပို၍ အငှားလိုက်နေကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးအေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲစင်းငုံ(ဖြူ)များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့သာ အဓိကထားတင်ပို့လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပဲစင်းငုံ(ဖြူ)များ ဝယ်ယူမှုများပြားလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ် ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံ(ဖြူ) ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲစင်းငုံ(ဖြူ)က အရင်က ပြည်ပဈေးကွက်ကော၊ ပြည်တွင်းဈေးကွက်မှာပါ အရောင်းအဝယ် အေးနေခဲ့တယ်။ အခုလက်ရှိကတော့ အရောင်းအဝယ်ကောင်းနေတာကြောင့် မန္တလေးဈေးကွက်အတွင်းမှာလဲ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇူလိုင်လ ပထမပတ်က ပဲစင်းငုံ(ဖြူ)ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇူလိုင် ၂၀ ရက်တွင် ပဲစင်းငုံ(ဖြူ) ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

"အခုက ပဲစင်းငုံ(ဖြူ)တွေကို မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေ အဝယ်ပြန်လိုက်လာတယ်။ အရောင်းအဝယ်လဲ ကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ထုံးမကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**မင်းဘူး ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးမကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ထုံးမကြီးကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော Silver Net ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မင်းဘူးမြို့နယ် ထုံးမကြီးကျေးရွာ၌ အနက်ပေ ၂၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၁၉ ဒသမ ၉၅၁ သန်းဖြင့် Silver Net ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ထုံးမကြီးကျေးရွာရှိ အိမ်ခြေ ၂၂၇ အိမ်နှင့် လူ ၈၇၈ ဦးတို့အတွက် အကျိုးပြုသွားမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးကျော်ရိုးနိုင်-ဒေါ်သောင်းသောင်းတင်၊ ကိုမျိုးညွန့်-မအေးအေးမိုး မိသားစုက ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၉၀၂၈၆ ဧက စိုက်ပျိုးပြီးစီး



**မြောင်းမြ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၉၀၂၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး လျာထား ၁၆၅၇၃၈ ဧကကို ယခုနှစ် မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးစပါး ၉၀၂၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများအခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးရာသီမှာ မိုးစပါးတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မိုးစပါးတွေကို လျာထားချက်ပြည့်မီစေဖို့နဲ့ ပျက်စီးထိခိုက်တာမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကိုလဲ စပါးမစိုက်ခင် မြေပြင်ထိ ဆောင်ရွက်ပေးနေတယ်။ ဒါ့ပြင်ရွှေခရုနဲ့ပတ်သက်ပြီး တောင်သူပညာပေးလုပ်ငန်းတွေကို ကြိုတင် လုပ်ဆောင်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာ ရွှေခရုကျရောက်တာနည်းတယ်။ ဒါပေမဲ့လဲ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အသိပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးနေတယ်။ မိုးစပါးတွေကို လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်တဲ့ အခြားဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးနေတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးစိုက်ပျိုးရာသီ၌ မိုးစပါး ၁၆၅၇၃၈ ဧကတွင် ဆင်းသုခ၊ ဧရာမင်း၊ ဧရာပဒေသာ၊ မနောသုခ၊ GW 11၊ GW 1၊ ပေါ်ဆန်းမွှေး၊ ပခမ်း၊ သီးထပ်ရင်၊ နံ့ကား၊ ကျားပျံစသည့် စပါးအမျိုးအစားများ စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မက်မန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**မက်မန်း ဇူလိုင် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် အောင်သံလွင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မက်မန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မက်မန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အောင်သံလွင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# ပျော်ဘွယ်မြို့နယ် ခင်ကြီးယကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထ အကြိမ်ထုတ်ချေး

**ပျော်ဘွယ် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခင်ကြီးယကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ခင်ကြီးယကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေနိုင်ရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ်သိန်း ၃၄၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ခင်ကြီးယကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၂၈၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် လေးသိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၄၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ်သိန်း ၃၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၅၁)

ကြည်လွင်မြင့် (မုံရွာ)



**ယူကလစ် (ယူကလစ်တပ်ပင်)**

အင်္ဂလိပ်အမည် - Australian Fever Tree.
မျိုးရင်း - Myrtaceae (မာလကာမျိုးရင်း)
ရုက္ခဗေဒအမည် - Eucalyptus globulus Labill;

**အဓိကဆေးဖက်ဝင်ပုံ**

အနာပေါက်၊ ပြည်တည်နာ၊ ရောင်ရမ်းနာ၊ ပန်းနာရင်ကျပ်၊ ချွဲသလိပ်ရောဂါ၊ အဆိပ်သင့်၍ဖျားခြင်း၊ ကြက်ညှာချောင်းဆိုးနှင့် ခွဲစိတ်ထားသောဒဏ်ရာများအတွက် အသုံးပြုသည်။ အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ရောင်ရမ်းခြင်းများအတွက် လိမ်းဆေးအဖြစ်လည်း အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ အအေးပိုင်းနှင့် သမပိုင်းဒေသတွင် ပို၍ပေါက်ရောက်ဖြစ်ထွန်းသည်။

❖ ယူကလစ်သည် စပ်ရှားရှားအရသာရှိသည်။ အစေးသည် ပန်းနာရင်ကျပ်ကို ပျောက်စေ၏။ ဝမ်းကိုသက်စေ၏။ ဝမ်းဖောဝမ်းရောင်ခြင်းနှင့် ဝမ်းကြောတင်းခြင်းတို့ကို နိုင်၏။ အနံ့သည် ဦးနှောက်ကို ကြည်လင်စေ၏။ ❖

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ ပင်စည်၊ အမြစ်။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ အပင်ကြီးမျိုးဖြစ်၏။ မျိုးစိတ်ပေါင်း ၆၀၀ ကျော်မျှရှိ၏။ အမြင့်ပေ ၁၀၀ ကျော်ခန့်ရှိ၏။ ထိပ်ပိုင်းတွင် ကိုင်းဖြာ၏။ အခက်အလက်အရွက်များ အောက်သို့တွဲလျားကျနေ၏။ အခေါက်မှာ ပါး၍ ငွေရောင်ထပြီး ပြောင်ချောနေ၏။ အကိုင်းအခက်များနုစဉ် နီရောင်သန်းသည်။ ရင့်လျှင် ဖြူဖွေးပြောင်လက်သော အပင်ကြီးမျိုးဖြစ်သည်။

အရွက်။ ။ ရွက်လွှဲထွက်သည်။ ရှည်မျောမျောလှံစွပ်ပုံရှိသည်။ ရွက်ထိပ်ချွန်သည်။ ရွက်ရင်းအနည်းငယ်သွယ်၏။ အနံ့မွှေး၏။ ရွက်ပြားအစိမ်းဖျော့ရောင်ရှိ၏။ သားရေကဲ့သို့ပြောင်ချောပြီး အနားညီသည်။ ရွက်ကြောထင်ရှား၏။

အပွင့်။ ။အဖြူရောင်အပွင့်ရှိသည်။ တစ်ပွင့်ထဲပွင့်၏။ ခေါင်းလောင်းပုံရှိသည်။ တန်ခူးလတွင် ပွင့်သည်။

အသီး။ ။ အညာမဲ့၍ အမြောင်းလေးခုပါရှိသည်။ အစေ့အလွန်သေးငယ်ပြီး အစေ့များစွာပါရှိသည်။ ဝါဆိုလတွင် သီးသည်။

**ဆေးကျမ်းများအဆို**

ဆေးကျမ်းများအဆိုအရ ယူကလစ်သည် စပ်ရှားရှားအရသာရှိသည်။ အစေးသည် ပန်းနာရင်ကျပ်ကို ပျောက်စေ၏။ ဝမ်းကိုသက်စေ၏။ ဝမ်းဖောဝမ်းရောင်ခြင်းနှင့် ဝမ်းကြောတင်းခြင်းတို့ကို နိုင်၏။ အနံ့သည် ဦးနှောက်ကို ကြည်လင်စေ၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အနာစက်နှင့် အနာမီးအနာလျှံများပေါက်လျှင် ယူကလစ်အရွက်ကိုကြိတ်၍ အုံပေးခြင်း၊ အရည်ကို လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။
၂။ ပန်းနာရင်ကျပ်ရောဂါရှိသူများသည် ယူကလစ်အရွက်ကိုပြုတ်ပြီး အခိုးအငွေ့ကိုရှိုက်၍ ရှူပေးလျှင် ပန်းနာရင်ကျပ်၊ အသက်ရှူမဝခြင်းများ သက်သာစေနိုင်သည်။
၃။ ခွဲစိတ်ထားသော သို့မဟုတ် ထိခိုက်မိသောအနာ မကျက်လျှင် ယူကလစ်အရွက်မှ ရသောအဆီကို လိမ်းပေးခြင်းဖြင့် အနာကျက်စေနိုင်သည်။
၄။ အအေးမိ၊ နှာစေး၊ ခေါင်းကိုက်ဖြစ်လျှင် ရေနွေးဆူဆူတွင် အရွက်ထည့်ပြီး ပြုတ်ရည်အငွေ့ဖြင့် ပေါင်းချွေးခံပေးခြင်းဖြင့် ဝေဒနာများသက်သာစေနိုင်သည်။
၅။ ယူကလစ်အဆီကို အရေပြားပေါ်၌ဖြစ်တတ်သော အနာစက်၊ အပူကန်နာများ၊ ယားနာများကို လိမ်းပေးနိုင်သည်။
၆။ အဆစ်အမျက်ရောင်ရမ်းခြင်း၊ ကိုက်ခဲခြင်းဖြစ်လျှင် ယူကလစ်အဆီကို သံလွင်ဆီနှင့် ရောစပ်လိမ်းပေးပါက ပျောက်ကင်းစေနိုင်သည်။
၇။ မီးလောင်၍အပူဖုပေါက်ပြီး အရေပြားအသားနီလန်သောနေရာတွင် ယူကလစ်အဆီကိုလိမ်းပေးပါက အေးပြီး အသားနုတက်စေနိုင်သည်။
၈။ အဖျားရောဂါဖြစ်၍ ချမ်းတုန်လျှင် ယူကလစ်အဆီကို ရေနွေးတွင်ထည့်ပြီး အငွေ့ကို ရှူပြီး စောင်ခြုံပေးလျှင် ဖျား၍ချမ်းတုန်ခြင်းမှ သက်သာစေနိုင်သည်။
၉။ ယူကလစ်ပင်၏အမြစ်ကို ဝမ်းနုတ်ဆေးဖော်စပ်ရာတွင် ဆေးဖက်ဝင်အသုံးပြုသည်။

**ရဲယို**

အင်္ဂလိပ်အမည် - Morinda
မျိုးရင်း - Rubiaceae (ပုဏ္ဏရိုက်မျိုးရင်း)
ရုက္ခဗေဒအမည် - Morinda Angustifolia Roxb.

**အဓိကဆေးဖက်ဝင်ပုံ**

အစားအသောက်မစားလိုခြင်း၊ ခံတွင်းပျက်ခြင်း၊ နာလန်ထအစားမဝင်ရောဂါ၊ ဝမ်းချုပ်ရောဂါ၊ လေချုပ်ရောဂါ၊ အာခေါင်နာရောဂါ၊ ချောင်းဆိုးရောဂါ၊ နှီးကြောင်းပိတ်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ နှာခေါင်းသွေးလျှံရောဂါများအတွက် အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြား သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အသီး။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ ပင်လတ်မျိုးဖြစ်၏။ အရောင်ပြောင်လက်၏။ အကိုင်းအခက်များစွာဖြာ၏။ ပင်စည်ပေါ်၌ အညိုရောင် အစက်အပြောက်များရှိ၏။ အခေါက်ထူ၍ ကြမ်းတမ်း၏။ အကိုင်းလေးထောင့်ပုံရှိပြီး နှစ်ထောင့်တွင် အမြောင်းပါသည်။

အရွက်။ ။ ရွက်ဆိုင်းအလှည့်ကျထွက်သည်။ အရွက်ကြီး၏။ ရွက်ရင်းသွယ်၍ ရွက်ထိပ်ချွန်သည်။ အရွက်အလယ်ပိုင်းကျယ်သည်။ အရွက်ထက်အောက်မျက်နှာပြင်နှစ်ဖက်လုံး ပြောင်ချောသည်။ ရွက်ကြောထင်ရှား၏။ ရွက်နားချော၍ လှိုင်းတွန့်အနည်းငယ်ရှိသည်။ ရွက်ညှာတို၍ တုတ်သည်။ နှလုံးပုံသဏ္ဌာန်ရွက်စွယ်နှစ်ခုပါရှိ၏။

အပွင့်။ ။ အလွန်သေးငယ်သော အဖြူရောင်အပွင့်များပွင့်သည်။ အနံ့မွှေးသည်။ ပန်းခိုင်ထိပ်တွင် ပန်းပွင့်များစုပြုံ၍ထွက်သည်။ ပန်းခိုင်သည် အရွက်၏ အခြားတစ်ဖက်မှထွက်သည်။ ပွင့်ညှာတိုသည်။

❖ ရဲယိုရွက်သည် ခါး၏။ အနည်းငယ်ပူ၏။ လေနှင့်ဝမ်းကို သက်စေတတ်၏။ သွေးကို တက်ကြွစေ၏။ ရဲယိုသီးသည် ပူစပ်သောအရသာရှိသည်။ အချို့ အနည်းငယ်ချဉ်သည်။ လေသလိပ်တို့ကို နိုင်သည်။ သွေး၊ သည်းခြေတို့ကို အားကောင်းစေသည်။ အစာမကြေနာ၊ လေနာ၊ သည်းခြေရောဂါတို့ကို နိုင်၏။ ❖

အသီး။ ။ အချင်း နှစ်လက်မခန့် အသီးများ သီးသည်။ ကျောက်ပေါက်နာကဲ့သို့ အသီးမျက်နှာပြင်ပေါ်တွင် အကွက်ကလေးများရှိသည်။ ဗဟုဂံပုံသဏ္ဌာန်အကွက်ကလေးများတွင် ပန်းပွင့်အရာများ မျက်စိသဖွယ်ဖြစ်နေသည်။ အသီးခွံပါး၍ ပြောင်ချောသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ရဲယိုရွက်သည် ခါး၏။ အနည်းငယ်ပူ၏။ လေနှင့် ဝမ်းကို သက်စေတတ်၏။ သွေးကိုတက်ကြွစေ၏။ ရဲယိုသီးသည် ပူစပ်သောအရသာရှိသည်။ အချို့ အနည်းငယ်ချဉ်သည်။ လေသလိပ်တို့ကိုနိုင်သည်။ သွေး၊ သည်းခြေတို့ကို အားကောင်းစေသည်။ အစာမကြေနာ၊ လေနာ၊ သည်းခြေရောဂါတို့ကိုနိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ လေချုပ်ခြင်း၊ အစာမကြေခြင်း၊ အစာခြေအားနည်းခြင်းရောဂါများဖြစ်လျှင် ရဲယိုရွက်ကိုပြုတ်၍ အတို့အမြှုပ် ပြုလုပ်စားလျှင် သက်သာစေသည်။
၂။ အမျိုးသမီးများ ကလေးမွေးပြီးနောက် နို့ရည်မထွက်လျှင် ရဲယိုရွက်ကို ဟင်းချိုချက်သောက်ပါ။ နို့ခန်းရောဂါဖြစ်လျှင် ရဲယိုရွက်နှင့် ပိုးစာရွက်ကိုရောပြီး ဟင်းချိုချက်သောက်ပါ။
၃။ နှာခေါင်းသွေးလျှံရောဂါဖြစ်လျှင် ရဲယိုရွက်ကို ခြေပြီး နှာဝတွင် တေ့၍ရှူပေးပါ။
၄။ အမျိုးသမီးများ တကျည်းကိုက်ရောဂါဖြစ်လျှင်၊ ဝမ်းရစ်နာရောဂါဖြစ်လျှင်၊ ကလေးမွေးပြီးနောက် သွေးကျန်ရောဂါဖြစ်လျှင် ရဲယိုရွက်ကို အသုပ်ပြုလုပ်ပြီး စားပေးပါ။
၅။ သွေးတိုးရောဂါဖြစ်လျှင် ရဲယိုရွက်နှင့် ဒန့်သလွန်ရွက်ရောပြီး ဟင်းချိုချက်သောက်ပါ။
၆။ အစားစားလိုစိတ်မရှိလျှင် နာလန်ထခံတွင်းပျက်လျှင် ရဲယိုသီးအမှည့်ကို ထန်းလျက်နှင့်ကြေအောင်ခေါက်ပြီး စားသုံးပါ။
၇။ ပန်းနာရင်ကျပ်နှင့် လေပူထချောင်းဆိုးရောဂါဖြစ်လျှင် ရဲယိုသီးမှည့်ကိုဆန်ခါတိုက်၍ အစေ့များဖယ်ပြီး ရရှိသောအနှစ်ကို ပျားရည်နှင့်ရောပြီး လက်ကော်ရအောင်ကျိုပါ။ ထိုအနှစ်ကို နှမ်းဆီဖြင့်အုပ်ထားပြီး နေ့စဉ် နံနက်၊ ည ဟင်းစားဇွန်း တစ်ဇွန်း စားသုံးပေးပါ။
၈။ လေထိုးလေအောင့်ရောဂါဖြစ်လျှင် ရဲယိုသီးအနုကိုပြုတ်ပြီး အတို့အမြှုပ်ပြုလုပ်စားပါ။
၉။ လေနာရောဂါဖြစ်လျှင်၊ အစားအသောက်မစားချင်သောရောဂါဖြစ်လျှင် ရဲယိုရွက်ကို ငါးခူနှင့် ဖက်ထုပ်ပြုလုပ်ပြီး ဟင်းချက်စားပါ။ သို့မဟုတ် ကြော်စားပါ။
၁၀။ ရဲယိုသီးအစိမ်းမှ ထုတ်ယူရရှိသောအရည်ကို အစာအိမ်ဆေး၊ အစာစားသောက်ချင်စိတ်ဖြစ်ပေါ်စေသော ဆေးအဖြစ်လည်းကောင်း၊ ဓာတ်စာအဖြစ်လည်းကောင်း



သိပ္ပံနည်းကျထုတ်လုပ်လျက်ရှိသည်။
၁၁။ ရဲယိုရွက်၊ ဥသျှစ်ရွက်၊ ခွေးတောက်ရွက် သုံးမျိုးကို အရည်ညှစ်ပြီး ဟင်းစားဇွန်းနှစ်ဇွန်းမှ သုံးဇွန်း တစ်နေ့နှစ်ကြိမ် အစာစားပြီးတိုင်း သောက်သုံးပေးလျှင် ဆီးချိုရောဂါကြောင့် လေဖြတ်ခြင်းမှ ကာကွယ်နိုင်သည်။
၁၂။ ရဲယိုသီးအစိမ်းကို ဆားအိုးတွင် ထည့်ထားပြီး မှည့်လာသောအခါ ထန်းဖိုထန်းလျက်ဖြင့် ရောကျို၊ ပျစ်အောင်ပြုလုပ်ပြီး ဖန်ပုလင်းတွင်ထည့်ထားပါ။ အပေါ်မှ မှိုမတက်အောင် နှမ်းဆီ လက်တစ်ဆစ်ခန့်ထည့်ပြီး ဖန်ပုလင်းကို ခုနစ်ရက်ကြာမျှ နေလှန်းပေးပါ။ ထိုရဲယိုသီးအနှစ်ကို စားသုံးပေးခြင်းဖြင့် လေဝမ်းမှန်ပြီး စားချင်စိတ်ပေါ်ပေါက်ကာ စားဝင်အိပ်ပျော်သောဆေးအဖြစ် ရှေးလူကြီးများသုံးစွဲကြသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မင်္ဂလာပါ ခွန်းဆက်တေး

- "မင်္ဂလာပါ"နှုတ်ခွန်းဆက်လို့
နားအိမ်ထက် ချိုကြည်သာ၊
ကြားရသူ ရင်ဝယ်အေး
ယဉ်ကျေးမှုရာ၊
ရင်ထဲက ဖြစ်တည်လာ
မေတ္တာလှယ် ရောင်ပြန်ဟပ်၊
ကျက်သရေ မင်္ဂလာရှိပေစွ
လှပမွန်မြတ်။

- မြင့်မြတ်စေ စိတ်ထားလှနဲ့
ပြောဆိုကြ ဆက်ဆံရာ၊
မင်္ဂလာ ဂုဏ်ရောင်လွှမ်းတော့
အောင်ပန်းဝေဆာ၊
ချောမွေ့လို့ လမ်းဖြောင့်စွာ
စိတ်ချမ်းသာ ရွှင်ကြည်ဘိ၊
ပေးယူလှယ် တုယှဉ်မျှရင်း
ဆန္ဒတွေပြည့်။

- နေ့စဉ်လေ မင်္ဂလာတရားနဲ့
ကျင့်ဝတ်များ ညီထွေစွာ၊
ရပ်ဝန်းကျင် လူ့ဘောင်အတွင်း
မယွင်းစေအောင်သာ၊
မေတ္တာယှက် ပြန်လှန်ကာ
လျှောက်လှမ်းပါ ထွေးပွေ့ဖက်၊
"မင်္ဂလာပါ"
အစဉ်လာ နှုတ်ချိုတေးရယ်က
အမြင်လှယ် ရင်ဝယ်အေးစေရဲ့
အရေးအရာ အောင်မြင်စွမ်းတာမို့
ပြုံးပန်းဆင် စွဲကိုင်သုံးပါလို့
(အစဉ်အမြဲလေ)
ခြယ်မှုန်းခွန်းဆက်။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

# ယခုနှစ် ဇွန်လအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၃၀၀၀ ကျော် တင်သွင်းခဲ့

**နေပြည်တော် ဇူလိုင် ၂၁**

မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ယခုနှစ် ဇွန်လအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၃၀၀၀ ကျော်တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။



မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများလက်စသိမ်းနိုင်ရန် ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက တင်သွင်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ တင်သွင်းရာတွင် ယခုနှစ် ဇွန်လအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၁ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၀၀၀ ကျော်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂၄ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၀၀၀၀ ခန့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၅ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၃၀၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်းတွင် ဘိလပ်မြေများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက တင်သွင်းရာတွင် ထိုင်းနိုင်ငံမှ ဘိလပ်မြေတန်ချိန် ၂၅၀၀ ကျော်၊ မလေးရှားနိုင်ငံမှ ဘိလပ်မြေတန်ချိန် ၂၅၀ ကျော်၊ တရုတ်နိုင်ငံမှ ဘိလပ်မြေတန်ချိန် ၂၅၀ စုစုပေါင်း ဘိလပ်မြေတန်ချိန် ၃၀၀၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်သွင်းရာတွင် ထိုင်းနိုင်ငံက ဘိလပ်မြေတန်ချိန် ၁၉၀၀၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဘိလပ်မြေတန်ချိန် ၁၀၀၀ ခန့် စုစုပေါင်း ဘိလပ်မြေတန်ချိန် ၂၀၀၀၀ ခန့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SKL

# မိုင်းဖြတ်မြို့နယ် တောညကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းဖြတ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် တောညကျေးရွာအုပ်စု တောညကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

တောညကျေးရွာ၌ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဝင်းမာ**

# ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပန်းတနော် ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆုတောင်းပြည့်ရွာမကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆုတောင်းပြည့်ရွာမကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ(လေင်း)**

# နိုင်ငံတကာ သတင်းများ

## သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့ စွမ်းအင်နှင့် ကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုး



**ဒေလီ ဇူလိုင် ၂၁**

အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် စွမ်းအင်ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်ရေးနယ်ပယ် သဘောတူညီချက်များကို ယနေ့တွင် လက်မှတ် ရေးထိုးခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

သီရိလင်္ကာသမ္မတ ရာနီးလ်ဝစ်ခရီမီဆင်း၏ နယူးဒေလီခရီးစဉ်အတွင်း အဆိုပါသဘောတူညီချက်များကို အိန္ဒိယနှင့် သီရိလင်္ကာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာသမ္မတ ဝစ်ခရီမီဆင်းသည် သမ္မတရာထူးရယူပြီးနောက်ပိုင်း ပထမဆုံးတရားဝင်ပြည်ပခရီးစဉ်အဖြစ် ဇူလိုင် ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ရောက်ရှိခဲ့သည်။

ယနေ့တွင် သီရိလင်္ကာသမ္မတသည် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးကို မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်သည့် နည်းပညာ၊ စွမ်းအင်နှင့် နှစ်နိုင်ငံအကြား လမ်းချိတ်ဆက်မှုဆိုင်ရာသဘောတူညီချက်ကို ပူးတွဲကြေညာခဲ့သည်။

သီရိလင်္ကာနိုင်ငံ အနေဖြင့် ၂၀၂၂ ခုနှစ်တွင် နှစ် ၇၀ အတွင်း အပြင်းထန်ဆုံးဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်၌ အိန္ဒိယနှင့် သီရိလင်္ကာ နှစ်နိုင်ငံဆက်ဆံရေးလည်း ပို၍ အားကောင်းလာခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဘဏ္ဍာရေးပြဿနာနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာနိုင်ငံကို ဘဏ္ဍာရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများကို အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ထိ ပေးအပ်ခဲ့ကြောင်း သိရသည်။ KKO

## လေယာဉ်မှူးများအငြိမ်းစားယူနိုင်မည့် အသက်အရွယ်ကို မြှင့်တင်သည့်ဥပဒေကြမ်း ကန်အောက်လွှတ်တော်အတည်ပြု

**ဝါရှင်တန် ဇူလိုင် ၂၁**

ပုဂ္ဂလိက လေကြောင်းလိုင်း လေယာဉ်မှူးများ အငြိမ်းစားယူနိုင်မည့် အသက်အရွယ်ကိုမြှင့်တင်ပေးထားသည့် ဥပဒေကြမ်းတစ်ရပ်ကို အမေရိကန်အောက်လွှတ်တော်က ဇူလိုင် ၂၀ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းတွင် ပုဂ္ဂလိကလေကြောင်းလိုင်း လေယာဉ်မှူးများ အငြိမ်းစားယူနိုင်သည့် အသက်အရွယ်ကို မူလ ၆၅ နှစ်မှ ၆၇ နှစ်ထိမြှင့်တင်ပေးထားသည်။

အမေရိကန်အောက်လွှတ်တော်သည် လေယာဉ်မှူးများ အငြိမ်းစားယူနိုင်သည့် အသက်အရွယ်မြှင့်တင်ရေးဥပဒေကြမ်းကို ထောက်ခံမဲ ၃၅၁ မဲ၊ ကန့်ကွက်မဲ ၆၉ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း လေယာဉ်မှူးများ၏ အငြိမ်းစားအသက်အရွယ်ကို မြှင့်တင်ထားမှုကြောင့် ပုဂ္ဂလိကလေကြောင်းလိုင်းများ အနေဖြင့် လုပ်ငန်းအစီအစဉ်များ ပြန်လည်ရေးဆွဲရမှုပြဿနာ၊ လေယာဉ်မှူးလေ့ကျင့်ရေးပြဿနာများနှင့်ရင်ဆိုင်ရဖွယ်ရှိပြီး လေယာဉ်မှူးလုပ်ငန်းစာချုပ်များကိုလည်း အသစ်ပြန်ယူရဖွယ်ရှိကြောင်း အမေရိကန်လေယာဉ်မှူးများ အသင်းက ထောက်ပြထားသည်။

အမေရိကန်အောက်လွှတ်တော်ကအတည်ပြုခဲ့သော လေယာဉ်မှူးများ အငြိမ်းစားယူမှုဆိုင်ရာဥပဒေကြမ်း၌ လေကြောင်းပျံသန်းရေးလောက ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကိုလည်း အဆိုပြုထားသည်။

လက်ရှိကျင့်သုံးနေသည့် နိုင်ငံတကာဥပဒေများအရ ကမ္ဘာ့နိုင်ငံအများစုသည် အသက် ၆၅ နှစ်အထက် လေယာဉ်မှူးများထားရှိမှုကို ပိတ်ပင်ထားကြောင်း သိရသည်။ KKO

## ရေပြင်ပစ်မှတ် တိုက်ခိုက်မှုများကို ရုရှားပင်လယ်နက်ရေတပ်လေ့ကျင့်

**မော်စကို ဇူလိုင် ၂၁**

ရုရှားရေတပ် ပင်လယ်နက်ရေတပ်အုပ်စုမှ စစ်သင်္ဘောများသည် ကျည်အစစ်သုံးစစ်ရေးလေ့ကျင့်မှုအတွင်း ရေပြင်ပစ်မှတ်များကို ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်မှု လေ့ကျင့်ခန်းများပြုလုပ်ခဲ့ကြကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းပင်လယ်နက်ဆိပ်ကမ်းများသို့သွားရောက်မည့် သင်္ဘောများကို စစ်ရေးပစ်မှတ်များအဖြစ် ရှုမြင်ရဖွယ်ရှိကြောင်း သတိပေးခဲ့ပြီး နှစ်ရက်အကြာတွင် ရုရှားပင်လယ်နက်ရေတပ်က ရေပြင်ပစ်မှတ်များတိုက်ခိုက်မှုပုံစံများကို လေ့ကျင့်ခဲ့ရခြင်း ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ဇူလိုင် ၁၇ ရက်တွင် ပင်လယ်နက်ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများ ဈေးကွက်တင်ပို့နိုင်ရေးဆိုင်ရာသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး ယူကရိန်းကောက်ပဲသီးနှံတင်သင်္ဘောများအတွက် ပေးထားသည့်လုံခြုံရေးအာမခံချက်ကို ပြန်လည်ရုပ်သိမ်းထားသည်။

ပင်လယ်နက်ရေတပ်တိုက်ပွဲဝင်လေ့ကျင့်မှုအစီအစဉ်များအရ အိုင်ဗာနိုဗက်စ်ဒုံးကျည်တင်စစ်သင်္ဘောက ပစ်မှတ်ရေယာဉ်များကို သင်္ဘောဖျက် ခရုဇ်ဒုံးကျည်များဖြင့်တိုက်ခိုက်မှုကို ပုံစံတူလေ့ကျင့်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယနေ့ စစ်ရေးလေ့ကျင့်မှုများတွင် ရုရှားပင်လယ်နက်ရေတပ်သည် သင်္ဘောအဝင်အထွက်ယာယီကန့်သတ်နယ်မြေပိတ်ဆို့မှုကိုလည်း လေ့ကျင့်ခဲ့ကြောင်း သိရသည်။ KKO



## စစ္စလီကျွန်းကမ်းလွန်၌ ကိုကင်း ငါးတန်ကျော် အီတလီရဲတပ်ဖွဲ့ သိမ်းဆည်းရရှိ

**ရောမ ဇူလိုင် ၂၁**

အီတလီနိုင်ငံ စစ္စလီကျွန်းတောင်ပိုင်း ကမ်းရိုးတန်းကမ်းလွန်ရေပြင်၌ အီတလီအာဏာပိုင်များက ကိုကင်းမူးယစ်ဆေးဝါး ၅ ဒသမ ၃ တန်ကို ဖမ်းဆီးသိမ်းယူနိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါကိုကင်းမူးယစ်ဆေးဝါးများကို ဇူလိုင် ၁၉ ရက်က သင်္ဘောနှစ်စီးအကြား လွှဲပြောင်းတင်ဆောင်ရန် မူးယစ်မှောင်ခိုသမားများက ကြိုးပမ်းနေစဉ် အီတလီရဲတပ်ဖွဲ့က သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။

တောင်အမေရိကမှ ရောက်ရှိလာသည့် သင်္ဘောတစ်စီးက အဆိုပါကိုကင်း မူးယစ်ဆေးဝါးအထုပ်များကို အသင့်စောင့်ဆိုင်းနေသော ငါးဖမ်းသင်္ဘောတစ်စီးထံ လွှဲပြောင်းပေးနိုင်ရေးအတွက် ရေထဲပစ်ချနေစဉ် ကြားဖြတ်သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း အီတလီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကိုကင်းမူးယစ်ဆေးဝါးများ သိမ်းဆည်းရရှိမှုနှင့် ပတ်သက်၍ အီတလီရဲတပ်ဖွဲ့က လူ ငါးဦးကို ဖမ်းဆီးထားကြောင်း၊ သိမ်းဆည်းနိုင်ခဲ့သော ကိုကင်းမူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးမှာ ယူရိုငွေ သန်း ၈၅၀(အမေရိကန်ဒေါ်လာ ၉၄၆ သန်း)ထိ ရှိသည်။

ထို့ပြင် ယခုနှစ် ဧပြီလကလည်း အီတလီရဲတပ်ဖွဲ့သည် စစ္စလီကျွန်းအနောက်ဘက် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း၌ ပင်လယ်ထဲမျောပါနေသည့် ကိုကင်းမူးယစ်ဆေးဝါး နှစ်တန်းနီးပါးကို သိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။ KKO



## ကျောက်ကပ်ရောင်းလိုသည့် လူ ၁၂၂ ဦးအား ကမ္ဘောဒီးယားနိုင်ငံသို့ လူမှောင်ခိုကူးခဲ့သူ ၁၂ ဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့ ဖမ်းဆီး

**ဂျကာတာ ဇူလိုင် ၂၁**

ကျောက်ကပ်များရောင်းချရေးအတွက် ကမ္ဘောဒီးယားနိုင်ငံသို့ လူ ၁၂၂ ဦးအား လူမှောင်ခိုကူးမှုဖြင့် ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိ တစ်ဦးအပါအဝင် လူ ၁၂ ဦးကို အင်ဒိုနီးရှားအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ဖမ်းဆီးထားသူ ၁၂ ဦးကို အင်ဒိုနီးရှားနိုင်ငံ၏ လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး ဥပဒေများအား ချိုးဖောက်မှုဖြင့် တရားစွဲဆိုထားကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဇူလိုင် ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပြစ်မှုထင်ရှားပါက တရားစွဲခံထားရသူများအနေဖြင့် အမြင့်ဆုံးထောင်ဒဏ် ၁၅ နှစ်ထိအပြင် ဒဏ်ငွေ ရူပီယား သန်း ၆၀၀(အမေရိကန်ဒေါ်လာ ၄၁၀၄၀)ထိ ပြစ်ဒဏ်များ ချမှတ်ခံရဖွယ်ရှိသည်။

တရားစွဲခံထားရသူများသည် ကျောက်ကပ်များရောင်းချလိုသူများကို အင်ဒိုနီးရှားနိုင်ငံအတွင်း၌ လူမှုမီဒီယာမှတစ်ဆင့် စုဆောင်းခေါ်ယူခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံသို့ပို့ဆောင်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။


ကျောက်ကပ်ရောင်းချမည့်သူများကို တစ်ဦးလျှင် ရူပီးယား ၁၃၅ သန်း(အမေရိကန်ဒေါ်လာ ၉၀၀၉) ထိရရှိမည်ဟု၍ လူကုန်ကူးသူများက ကတိခံထားကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

လူကုန်ကူးခံခဲ့ရသူ ၁၂၂ ဦးအနေဖြင့် ငွေကြေးလိုအပ်မှုကြောင့် ကျောက်ကပ် ထုတ်ရောင်းရန် သဘောတူညီခဲ့ကြကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ပတ်လမ်းတစ်ခုတည်းမှာပင် ဂြိုဟ်နှစ်စင်းအတူတကွ နေရာယူနိုင်မှုနှင့်ပတ်သက်၍ အခိုင်မာဆုံးသက်သေအထောက်အထားကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ



**မက်ဒရစ် ဇူလိုင် ၂၁**

ပတ်လမ်းတစ်ခုတည်းမှာပင် ဂြိုဟ်နှစ်စင်းအတူတကွ နေရာယူနိုင်မှုနှင့်ပတ်သက်၍ အခိုင်မာဆုံး သက်သေ အထောက်အထားကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

စပိန် သိပ္ပံပညာရှင်များသည် ကြာသပတေးဂြိုဟ်ကဲ့သို့ ဓာတ်ငွေ့ဂြိုဟ်တစ်စင်း၏ ပတ်လမ်းအတွင်း နေရာယူထားသည့် အခြားဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အဆိုပါ ပတ်လမ်းတစ်ခုတည်း၌ ဂြိုဟ်နှစ်စင်း နေရာယူထားမှုဖြစ်စဉ်ကို ကမ္ဘာမြေနှင့် အလင်းနှစ် ၃၇၀ အကွာရှိ PDS 70 အမည်ရှိ ကြယ်စနစ်အတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

PDS 70 ကြယ်စနစ်တွင် PDS 70 b နှင့် PDS 70 c အမည်ရှိ ဓာတ်ငွေ့ဂြိုဟ်နှစ်စင်းက PDS 70 မိခင်ကြယ်ကို ဗဟိုပြုလှည့်ပတ်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် PDS 70b ၏ ပတ်လမ်းပေါ်၌တည်ရှိနေသည့် ဓာတ်ငွေ့တိမ်တိုက်တစ်ခုကို စပိန်သိပ္ပံပညာရှင်များက အယ်လ်မာရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဓာတ်ငွေ့တိမ်တိုက်သည် လက်ရှိဖွံ့စည်းဖြစ်ပေါ်ဆဲ ဂြိုဟ်တစ်စင်း သို့မဟုတ် ဖွံ့စည်းဖြစ်ပေါ်ပြီး ဂြိုဟ်တစ်စင်း PDS 70b ၏ပတ်လမ်းပေါ်တွင် နေရာယူထားမှုကို ပြသနေသည်ဟု စပိန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO


## အမျိုးအမည်မသိ အာကာသဒြပ်ထုတစ်မျိုးက ကမ္ဘာမြေဘက်ဆီသို့ ရေဒီယိုစွမ်းအင်လှိုင်းများ ထုတ်လွှင့်ပေးနေ

**ဆစ်ဒနီ ဇူလိုင် ၂၁**

အမျိုးအမည်မသိ အာကာသဒြပ်ထုတစ်မျိုးသည် ကမ္ဘာမြေဘက်ဆီသို့ ရေဒီယိုစွမ်းအင်လှိုင်းများ ထုတ်လွှင့်ပေးနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇူလိုင် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ထူးဆန်းသည့်အာကာသဒြပ်ထုသည် အနည်းဆုံး ၁၉၈၈ ခုနှစ်မှစ၍ ရေဒီယိုစွမ်းအင်လှိုင်းများကို ၂၂ မိနစ်လျှင် တစ်ကြိမ်ငါးမိနစ်ကြာထုတ်လွှင့်နေကြောင်း သြစတြေးလျနိုင်ငံ ကာတင်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာမြေဆီသို့ ရေဒီယိုစွမ်းအင်လှိုင်းများ ထုတ်လွှင့်ပေးနေသည့် အရာဝတ္ထုမှာ မဂ္ဂနက်တာ (Magnetar) ခေါ် သံလိုက်စက်ကွင်း အလွန်တရာ မြင့်ထန်သောကြယ်တစ်မျိုးဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။



အဆိုပါ အာကာသဒြပ်ထုကို GPM J 1839 -10 ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားပြီး ဆက်လက်စူးစမ်းလေ့လာနေဆဲဖြစ်ကြောင်း သိရသည်။

မဂ္ဂနက်တာ ကြယ်တစ်စင်းအဖြစ် ယူဆရသော GPM J 1839-10 အာကာသဒြပ်ထုသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၅၀၀၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

အဆိုပါအာကာသဒြပ်ထုက အနည်းဆုံးနှစ်ပေါင်း ၃၃ နှစ်တာမျှ ပုံမှန်ထုတ်လွှတ်နေသော ရေဒီယိုစွမ်းအင်လှိုင်းများသည် အခြားကမ္ဘာမှသက်ရှိများ၏ အချက်ပြစွမ်းအင်လှိုင်းများလည်း ဖြစ်နိုင်သည်ဟု အချို့ကယူဆထားကြောင်း သိရသည်။

KKO

## နဂါးငွေ့တန်းကြယ်စုအတွင်း၌ ဦးတည်ရာမဲ့မျောလွင့်နေသော လေလွင့်ဂြိုဟ်များအရေအတွက်က မိခင်ကြယ်များကိုလှည့်ပတ်နေသည့်ဂြိုဟ်များထက် အရေအတွက် သိသိသာသာပိုများနိုင်

**ဝါရှင်တန် ဇူလိုင် ၂၁**

နဂါးငွေ့တန်းကြယ်စုအတွင်း၌ ဦးတည်ရာမဲ့ မျောလွင့်နေသော လေလွင့်ဂြိုဟ်များအရေအတွက်သည် မိခင်ကြယ်များကို လှည့်ပတ်နေသည့်ဂြိုဟ်များထက် အရေအတွက်အားဖြင့် သိသိသာသာ ပိုများနိုင်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ဂျပန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နဂါးငွေ့တန်းကြယ်စုအတွင်း လေလွင့်ကြယ်များ၏ အရေအတွက်မှာ ပုံမှန်ကြယ်များထက် အဆ ၂၀ ပိုများကြောင်း သိရသည်။

ထို့ပြင် ၂၀၂၇ ခုနှစ် မေလတွင် နာဆာကလွှတ်တင်မည့်နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် မြေကမ္ဘာအရွယ်အစားရှိ လေလွင့်ဂြိုဟ်ပေါင်း ၄၀၀ ကို ရှာဖွေတွေ့ရှိနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

နာဆာနှင့်ဂျပန်သိပ္ပံပညာရှင်များသည် နယူးဇီလန်အခြေစိုက် မောက်ဂျွန်ရေဒီယိုတယ်လီစကုပ်ဖြင့် ကိုးနှစ်ကြာလေ့လာမှုများပြုလုပ်ခဲ့ပြီးနောက် နဂါးငွေ့တန်းကြယ်စုအတွင်းရှိ လေလွင့်ဂြိုဟ်များအရေအတွက်ကို တွက်ချက်ရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ နဂါးငွေ့တန်းကြယ်စုအတွင်း၌ ပုံမှန်ဂြိုဟ်တစ်စင်းရှိလျှင် လေလွင့်ကြယ်အစင်း ၂၀ ထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် လွှတ်တင်ပြီးချိန်တွင် ဒြပ်ထုနိမ့်သည့် လေလွင့်ကြယ်များကို အာရုံခံထောက်လှမ်း နိုင်စွမ်းရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။ KKO

# HEALTH

## နာတာရှည်ဝမ်းချုပ်မှုပြဿနာက Dementia ဖြစ်နိုင်ခြေမြင့်မားမှု၏ နိမိတ်လက္ခဏာဖြစ်နိုင်

**နယူးယောက် ဇူလိုင် ၂၁**

နာတာရှည်ခံစားရသည့် ဝမ်းချုပ်မှုပြဿနာသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားမှု၏ နိမိတ်လက္ခဏာ ဖြစ်နိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အယ်ဗိုင်းမားရောဂါဗေဒအသင်းမှ သုတေသနပညာရှင်များသည် သက်လတ်ပိုင်းနှင့်သက်ကြီးပိုင်း လူပေါင်း ၁၁၀၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့်သာ ဝမ်းလှုပ်ရှားမှုရှိသူများတွင် ဦးနှောက်သက်တမ်း ပုံမှန်ထက် ပိုအိုမင်းလာသည့်လက္ခဏာများရှိနေတတ်သည်ကိုတွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် နာတာရှည်ဝမ်းချုပ်မှုပြဿနာရှိနေသူများသည် ဝမ်းလေပုံမှန်ရှိသော သက်တူရွယ်တူများနှင့် နှိုင်းယှဉ်ပါက မှတ်ဉာဏ်နှင့်စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည် စမ်းသပ်မှုများ၌ ရလဒ်ပို၍ဆိုးရွားနေတတ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

နာတာရှည်ဝမ်းချုပ်မှုပြဿနာရှိနေသူများ၏ ဦးနှောက်သက်တမ်းသည် ဝမ်းလေပုံမှန်ရှိသောသက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက ဇီဝသက်တမ်းအရ သုံးနှစ်ပိုအိုမင်းနေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။ KKO

## အူမကြီးရောင်ရမ်းနာရောဂါအတွက် စမ်းသပ်ဆဲဆေးတစ်မျိုးက ရလဒ်ကောင်းများရှိနေ

**အမ်စတာဒမ် ဇူလိုင် ၂၁**

Ulcerative Colitis ခေါ် အူမကြီးရောင်ရမ်းနာရောဂါအတွက် စမ်းသပ်ဆဲ ဆေးဝါးတစ်မျိုးသည် စမ်းသပ်မှုများအရ ရလဒ်ကောင်းများရှိနေကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

Mirikizumab (Omush) အမည်ရှိ အဆိုပါဆေးသည် Ulcerative Colitis ရောဂါအတွက် ရည်ရွယ်စမ်းသပ်နေသည့် ပထမဆုံးဆေးဖြစ်သည်။

ခုခံအားစနစ် ဆေးအမျိုးအစားဖြစ်သည့် Mirikizumab ဆေးသည် အင်တာလူကင်း ၂၃ ခေါ် ပရိုတင်းတစ်မျိုးကို ပိတ်ပင်ခြင်းဖြင့် အူမကြီးရောင်ရမ်းမှုကို တားဆီးပေးနိုင်ကြောင်း နယ်သာလန်နိုင်ငံ အမ်စတာဒမ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

လက်တွေ့ စမ်းသပ်မှုများမှ ထွက်ပေါ်လာသောရလဒ်များအရ Mirikizumab အမည်ရှိဆေးသည် Ulcerative Colitis ရောဂါလက္ခဏာများ လျော့ပါးသက်သာချိန်ကို နှစ်ဆတိုးမြှင့်ပေးနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် သုတေသနပညာရှင်များသည် Ulcerative Colitis ရောဂါကို ကုသရာတွင် ၎င်းဆေးကို အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဆေးပညာအဖွဲ့အစည်းများ၏ အတည်ပြုချက်ကိုရယူနိုင်ရန် မျှော်လင့်ထားသည်။

Ulcerative Colitis ရောဂါသည် ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာခံစားနေရသည့် အစာခြေလမ်းကြောင်းစနစ် ရောဂါတစ်မျိုးဖြစ်ပြီး ၎င်းရောဂါဖြစ်ပွားပါက သွေးဝမ်းသွားခြင်း၊ ဗိုက်နာခြင်း၊ သွေးအားနည်းခြင်း စသည့်လက္ခဏာများ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## လူငယ်ကစားသမား ချာလီဆားဗေ့ချ်ကို ရီးဒင်းသို့ ရောင်းချရန် မန်ယူအသင်းသဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၂၁**

မန်ယူအသင်းသည် အသက် ၂၀ ရှိ ကွင်းလယ်ကစားသမား ချာလီဆားဗေ့ချ်ကို အင်္ဂလန်လိဂ်ဝမ်းကလပ် ရီးဒင်းအသင်းသို့ ရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းနှင့်ရီဒင်းအသင်းတို့၏ အပြောင်းအရွှေ့တွင် ပြောင်းရွှေ့ကြေးကို တရားဝင်ထုတ်ပြန်ခဲ့ခြင်းမရှိခဲ့သော်လည်း ကွင်းလယ်ကစားသမားအနေဖြင့် ခြေစွမ်းပြသနိုင်ခဲ့ပါက မန်ယူအသင်းက ပြန်လည်ခေါ်ယူနိုင်မည့် သဘောတူညီချက်ပါရှိခဲ့သည့်အပြင် ကစားသမားအနေဖြင့် အခြားကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ခဲ့ပါက ပြောင်းရွှေ့ကြေး ၄၀ ရာခိုင်နှုန်းခန့်အကျိုးခံစားခွင့်ရရှိမည့် သဘောတူညီချက်လည်း ပါဝင်သည်။

လူငယ်ကစားသမား ချာလီဆားဗေ့ချ်သည် မန်ယူအသင်း အကယ်ဒမီကစားသမား တစ်ဦးဖြစ်ပြီး ခြေစွမ်းပြသနိုင်ခဲ့မှုကြောင့် ၂၀၂၂ ခုနှစ်က ရန်ဘွိုင်းအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် စီနီယာအသင်းနှင့်အတူ ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အသင်းအနေဖြင့် ပွဲထွက်ခွင့်ပေးရန် အခက်အခဲရှိသောကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီက ဖော်ရက်ဂရင်းအသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိနွေရာသီ အပြောင်းအရွှေ့ကာလတွင် လူငယ်ကစားသမားများဖြစ်သည့် ဇီဒန်းအစ်ဇဘယ်ကို နယ်သာလန်ကလပ် အုတရက်အသင်းသို့လည်းကောင်း၊ အီသန်လိုင်ယာကို ချန်ပီယံရှစ်ကလပ် ဘာမင်ဂမ်အသင်းသို့လည်းကောင်း ရောင်းချခဲ့ပြီးနောက် ယခုအခါ ချာလီဆားဗေ့ချ်ကို လိဂ်ဝမ်းကလပ် ရီဒင်းအသင်းသို့ ထပ်မံရောင်းချခဲ့ပြီး ဘဏ္ဍာရေးလိုအပ်ချက်ကို ဖြည့်တင်းလျက်ရှိကြောင်း သိရသည်။ ML



### အားကစားသတင်း အတိုအထွာများ

- စပါးအသင်းက အသင်း၏စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်း၏နေရာတွင် အစားထိုးရန်အတွက် ဖီအိုရင်တီးနားအသင်းတိုက်စစ်မှူး ကာဘရယ်ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ဝုဗ်အသင်းက အေတီကိုအသင်းတွင် ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် ခံစစ်ကစားသမား ဒိုဟာတီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အမ်ဘက်ပီကို ဆက်လက်ထိန်းသိမ်းရန်အတွက် ယူရို တစ်ဘီလီယံတန်ကြေးရှိသည့် ၁၀ နှစ်သက်တမ်းရှိသည့် စာချုပ်သစ်တစ်ရပ်ဖြင့် သက်တမ်းတိုးရန် ထပ်မံကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက လူငယ်ကစားသမား အယ်လန်ဂါကို နော်တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့် ရောင်းချရန်သဘောတူခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း ဆေးစစ်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ရခိုင်ယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၅မိနစ်တွင် မောင်မောင်စိုးနှင့် ပွဲချိန် ၂၃ မိနစ်တွင် ထရာအိုရေးတို့က ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဒဂုံစတားအသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၅၄ မိနစ်တွင် ဆွမ်လမန်က ဒဂုံစတားအသင်းတွက် ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း တစ်မိနစ်အကြာ ၅၅ မိနစ်တွင် သန်းထွန်းအောင်က ရခိုင်ယူနိုက်တက်အသင်းအတွက် တတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရခိုင်ယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် ရှေဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

## ထိုင်းဖိတ်ခေါ် ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း အုပ်စု(က)တွင် အိမ်ရှင်ထိုင်းအသင်းနှင့်အတူကျရောက်

**ရန်ကုန် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းဖိတ်ခေါ် ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအနေဖြင့် အုပ်စု(က)တွင် ကျရောက်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာ့ လက်ရွေးစင်ဖူဆယ်အသင်းသည် နိုင်ငံတကာပြိုင်ပွဲများမတိုင်မီကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အဆိုပါ ထိုင်းဖိတ်ခေါ် ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲကို အိမ်ရှင်ထိုင်းလက်ရွေးစင်ဖူဆယ်အသင်း အပါအဝင် ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် အုပ်စုနှစ်စုခွဲကျင်းပမည်ဖြစ်ပြီး မဲခွဲမှုအပြီးတွင် အုပ်စု(က)တွင်အိမ်ရှင် ထိုင်းလက်ရွေးစင် ဖူဆယ်အသင်း၊ ဆော်လမွန်ကျွန်းစု လက်ရွေးစင် ဖူဆယ်အသင်းနှင့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၊ အုပ်စု(ခ)တွင် ချက်လက်ရွေးစင် ဖူဆယ်အသင်း၊ မိုဇမ်ဘစ်လက်ရွေးစင် ဖူဆယ်အသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင်ဖူဆယ်အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

ထိုင်းဖိတ်ခေါ် ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ဩဂုတ် ၇ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် အိမ်ရှင်ထိုင်းလက်ရွေးစင်ဖူဆယ်အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၈ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဆော်လမွန်ကျွန်းစု လက်ရွေးစင်ဖူဆယ်အသင်းနှင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

## အင်တာမီယာမီအသင်းက ဂျော်ဒီအလာဘာကိုခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာ

**မီယာမီ ဇူလိုင် ၂၁**

မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းသည် ဘာစီလိုနာအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် ခံစစ်ကစားသမား ဂျော်ဒီအလာဘာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျော်ဒီအလာဘာသည် ပြီးခဲ့သည့် ဇွန် ၃၀ ရက်က ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အသင်းမှထွက်ခွာခဲ့ချိန်တွင် ဒေးဗစ်ဘက်ခမ်းပိုင်ဆိုင်သည့် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းက ကမ်းလှမ်းခဲ့ရာ တစ်နှစ်သက်တမ်းစာချုပ်ဖြင့် သဘောတူညီမှုရရှိခဲ့ပြီး စာချုပ်ကုန်ဆုံးပါက တစ်နှစ်ထပ်မံသက်တမ်းတိုးခွင့်ပါရှိခဲ့သည်။




အင်တာမီယာမီ အသင်းသည် ယခု အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်း ကစားသမားဟောင်းများဖြစ်သည့် တိုက်စစ်မှူး မက်ဆီ၊ ကွင်းလယ်ကစားသမား ဘက်စ်ကွက်တို့ကိုခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုအခါခံစစ်ကစားသမား ဂျော်ဒီအလာဘာကို ထပ်မံခေါ်ယူခဲ့သည့်အပြင် ဗစ်ဆဲလ်ကိုဘီအသင်းမှထွက်ခွာခဲ့သည့် ကွင်းလယ်ကစားသမား အင်နီယေစတာကိုလည်း ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။

ခံစစ်ကစားသမား ဂျော်ဒီအလာဘာသည် ၂၀၁၂ ခုနှစ်က ဗလင်စီယာအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံပွဲ ၄၅၀ ပါဝင်ကစားခဲ့ရာ ၂၇ ဂိုးထိသွင်းယူ၍ အမိကဆုဖလားအားလုံး ဆွတ်ခူးရယူနိုင်ခဲ့ပြီး စပိန်လက်ရွေးစင်အသင်းတွင်လည်း ပြိုင်ပွဲစုံ ၉၃ ပွဲပါဝင်ခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့သည်။

အင်တာမီယာမီ အားကစားဒါရိုက်တာက "ဂျော်ဒီဟာ အောင်မြင်တဲ့ ကစားသမားတစ်ယောက်ပါ။ သူဟာ အင်တိုက်အားတိုက်ကစားနိုင်တဲ့သူဖြစ်သလို အတွေ့အကြုံကောင်းတွေရှိတဲ့ ကစားသမားလဲဖြစ်ပါတယ်။ သူ့လို ကစားသမားကိုခေါ်ယူခွင့်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်မီဖလက်ဝုဒ် ဦးဆောင်

**လန်ဒန် ဇူလိုင် ၂၁**

အင်္ဂလန်နိုင်ငံ မာဆေးဆိုက် ဝီရယ်လ်ဒေသတွင် ကျင်းပနေသည့် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားတွမ်မီဖလက်ဝုဒ်နှင့် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားလမ်ပရက်ချ်တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း AOL သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ရှိုင်နာ၊ အာဂျင်တီးနားဂေါက်သီးရိုက်ကစားသမား ဂရီလိုနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟားမန်းတို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး လက်ရှိကမ္ဘာ့အဆင့်(၂) နေရာတွင်ရပ်တည်နေသည့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် ပထမနေ့တွင် ပုံစံကောင်းရရှိခဲ့ပြီး သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ထားနိုင်သည့်အတွက် ချန်ပီယံ လမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်သည်။



မက်အီလ်ရွိုင်းက "ပထမနေ့ရဲ့ နောက်ဆုံး ကိုးကျင်းမှာကစားနိုင်ခဲ့တဲ့ပုံစံကိုပိုပြီးတော့ အားရကျေနပ်မှုရှိပါတယ်။ အစောပိုင်းကျင်းတွေမှာတော့ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတယ်။ ဒုတိယ ကိုးကျင်းမှာ ပုံစံကောင်းပြန်ရခဲ့လို့လဲရလဒ်ကောင်းတစ်ခုကို ရရှိခဲ့တာပါ။ ဒုတိယ ကိုးကျင်းမှာ Birdies ရိုက်ချက် နှစ်ကျင်းရခဲ့တယ်။ ကျွန်တော့်အနေနဲ့ ကံကောင်းလို့ ရလဒ်ကောင်းတစ်ခုကိုရခဲ့တယ်လို့လဲဆိုနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

တွမ်မီဖလက်ဝုဒ်က"ကျွန်တော့်အတွက်တော့ ဂုဏ်ယူစရာကောင်းတဲ့နေ့တစ်နေ့ပါ။ ပရိသတ်တွေရဲ့ အားပေးမှုကလဲ အားရကျေနပ်စရာကောင်းပါတယ်။ ကျွန်တော့်ကို တစ်ခဲနက်အားပေးနေတဲ့ ပရိသတ်တွေရှိနေလို့လဲ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ သိသိသာသာကောင်းမွန်ခဲ့ပါတယ်။ အဓိကဆုဖလားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အတွက်ရော ပရိသတ်တွေအတွက်ပါ နောက်ဆုံးနေ့ထိ အကောင်းဆုံးစွမ်းဆောင်နိုင်အောင် ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အင်စတာဂရမ်တွင် တန်ဖိုးအကြီးဆုံး ပို့စ်ပိုင်ရှင်အဖြစ် စီရော်နယ်ဒို မှတ်တမ်းဝင်

**လစ္စဘွန်း ဇူလိုင် ၂၁**

ပေါ်တူဂီအသင်းနှင့် စပို့တင်း လစ္စဘွန်းအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုသည် လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သည့် အင်စတာဂရမ်တွင် တန်ဖိုးအကြီးဆုံးပို့စ်ပိုင်ရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Daily Record သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၈ နှစ်ရှိ စီရော်နယ်ဒိုသည် အင်စတာဂရမ်တွင် ပို့စ်တစ်ခုတင်ပါက ဝင်ငွေစတာလင်ပေါင် ၁ ဒသမ ၈၇ သန်းရရှိခဲ့သည့်အတွက် ထိပ်တန်းမော်ဒယ်တစ်ဦးဖြစ်သည့် ကိုင်လီဂျန်နာကို ကျော်ဖြတ်ပြီး အင်စတာဂရမ်တွင်တန်ဖိုးအကြီးဆုံး ပို့စ်ပိုင်ရှင်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

အင်စတာဂရမ်စာမျက်နှာတွင် ပို့စ်တန်ကြေးအကြီးဆုံးစာရင်းတွင် အစောပိုင်းက ထိပ်တန်းနေရာ၌ ရပ်တည်ခဲ့သည့် မော်ဒယ်ကိုင်လီဂျန်နာသည် ပို့စ်တစ်ခုလျှင် စတာလင်ပေါင် ၁ ဒသမ ၄၇ သန်းဖြင့် စီရော်နယ်ဒို၏နောက် ဒုတိယနေရာသို့ ရောက်ရှိသွားခဲ့သည်။

အင်စတာဂရမ်စာမျက်နှာတွင် ပို့စ်တန်ကြေးအကြီးဆုံးစာရင်းတွင် စီရော်နယ်ဒိုနှင့် ကိုင်လီဂျန်နာတို့နောက်တွင် လက်ရှိအင်တာမီယာမီအသင်းတိုက်စစ်မှူး မက်ဆီက ပို့စ်တစ်ခုလျှင် စတာလင်ပေါင် ၁ ဒသမ ၃၈ သန်းဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိနေပြီး ၎င်းတို့သုံးဦးနောက်တွင် ဆယ်လီနာဂိုမက်၊ ဒွိုင်းဂျွန်ဆင်၊ ကင်ကာဒက်ရှီယန်၊ အရီနာဂရန်ဒီ၊ ဘီယွန်းဆေး၊ ခိုလိုကင်ကာဒက်ရှီယန်နှင့် ကမ်ဒဲဂျန်နာတို့က အစဉ်လိုက်ရပ်တည်လျက်ရှိနေသည်။

ထို့ပြင် စီရော်နယ်ဒိုသည် အင်စတာဂရမ်တွင် Follower ၅၉၇ သန်းထိရှိနေသဖြင့် Follower အများဆုံးအဖြစ်လည်း ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

STA

# တိုက်စစ်မှူးမာနေးကို အယ်နာဆာအသင်းသို့ရောင်းချရန် ဘိုင်ယန်မြူးနစ်အသင်း ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိ




**ရီယာဒ် ဇူလိုင် ၂၁**

ဘိုင်ယန်မြူးနစ် အသင်းက တိုက်စစ်မှူးမာနေးကို ဆော်ဒီအာရေဗျကလပ်အယ်နာဆာအသင်းသို့ရောင်းချရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး မာနေးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ကစားခဲ့ရာ ပြိုင်ပွဲစုံ ၃၈ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးထိသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်၌ အသင်းဖော် ဆာနေးနှင့် ခိုက်ရန်ဖြစ်ပွားခဲ့မှုကြောင့် ဘိုင်ယန်မြူးနစ်အသင်းတာဝန်ရှိသူများက မာနေးကို အရေးယူမှုပြုလုပ်ခဲ့ပြီး ယခုအပြောင်းအရွှေ့ကာလတွင်ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် အစောပိုင်းက အယ်နာဆာအသင်း၏ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သော်လည်း ယခုအခါရောင်းချရန် ကလပ် အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ပြီး ကစားသမားအတွက် ယခင်ခေါ်ယူခဲ့သည့် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၅ သန်းဝန်းကျင်ထိ အလိုရှိနေခြင်းဖြစ်သည်။

လက်ရှိတွင် မာနေးကို အယ်နာဆာအသင်းသို့ရောင်းချရန်သဘောတူညီမှုရရှိခဲ့သော်လည်း နည်းပြဂျရတ်ကိုင်တွယ်နေသည့် အယ်အီတီဟတ်အသင်းကလည်း ကြားဖြတ်ခေါ်ယူရန်ကြိုးပမ်းနေကာ ကစားသမားနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် စပါးအသင်းမှ တိုက်စစ်မှူး ဟယ်ရီကိန်းကိုခေါ်ယူရန် ပစ်မှတ်ထားနေသောကြောင့် မာနေးကို ရောင်းချရန်စီစဉ်ခဲ့ကာ အယ်နာဆာအသင်းနှင့် အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ML

# Palermo Ladies Open ကွာတားဖိုင်နယ်တွင် ကာဆက်ကီနာနှင့် ပါအိုလီနီတို့ ထိပ်တိုက်တွေ့ဆုံ

**ပါလာမို ဇူလိုင် ၂၁**

အီတလီနိုင်ငံ ပါလာမိုမြို့တွင် ကျင်းပနေသည့် Palermo Ladies Open ဒုတိယအဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် ရုရှားတင်းနစ်မယ် ကာဆက်ကီနာနှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့သည် ကွာတားဖိုင်နယ် အဆင့်တွင် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာဆက်ကီနာသည် Paler-mo Ladies Open တင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်ဖြစ်ပြီး ဒုတိယအဆင့်တွင် တစ်နိုင်ငံတည်းသူ ပရိုဇိုရိုဗာနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး ကာဆက်ကီနာက (၆-၃၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ပါအိုလီနီသည် ဒုတိယအဆင့်တွင် ယူကရိန်းတင်းနစ်မယ် ယက်စထရင်မ်ကာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး (၂-၆၊ ၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ကာဆက်ကီနာက "ဒုတိယအဆင့်မှာ ရလဒ်ကောင်းနဲ့အနိုင်ရခဲ့လို့ဝမ်းသာပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာ ပါအိုလီနီနဲ့ ကစားရမှာဖြစ်လို့ ကျွန်မအတွက် ပိုပြီးတော့ခက်ခဲမဲ့ ပွဲစဉ်တစ်ပွဲဖြစ်လာပါလိမ့်မယ်။ အီတလီပရိသတ်တွေရဲ့ အားပေးမှုကိုရထားတဲ့ ပါအိုလီနီနဲ့ယှဉ်ကစားဖို့ဆိုရင် အကောင်းဆုံး ပုံစံမှာရှိနေဖို့လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် ပွဲစကစားတာနဲ့ပွဲအပေါ်မှာသေသေချာချာအာရုံစိုက်ကစားရပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# မန်ယူအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဒီဂီယာကို အင်တာမီလန်အသင်းကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရ

**မီလန် ဇူလိုင် ၂၁**

အင်တာမီလန် အသင်းက ဂိုးသမား အိုနာနာ၏နေရာတွင် အစားထိုးရန်အတွက် မန်ယူအသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဂိုးသမား ဒီဂီယာကိုခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရသည်ဟု Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်တာမီလန် အသင်းက ဂိုးသမားအိုနာနာကို မန်ယူအသင်းထံ ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ အပြင် အပိုဆုကြေး ငါးသန်း စုစုပေါင်း ၅၅ သန်းဖြင့် ရောင်းချခဲ့ပြီးနောက် ဂိုးသမားတစ်ဦး ပြန်လည်ခေါ်ယူရန်အတွက် ကြိုးပမ်းလျက်ရှိနေပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် ဒီဂီယာကို ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အင်တာမီလန် အသင်းက ဒီဂီယာကို တစ်နှစ်လုပ်ခ စတာလင်ပေါင် ၄ ဒသမ ၃ သန်းဖြင့်ကမ်းလှမ်းခဲ့သော်လည်း ဒီဂီယာကိုယ်တိုင်က စပိန်ကလပ် အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ကစားလိုသည့်အတွက် အင်တာမီလန်အသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

လက်ရှိ ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဒီဂီယာက ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်ခဲ့သည့် အေတီကိုအသင်းသို့ ပြန်လည် ပြောင်းရွှေ့ကစားလိုသည့်အတွက် အင်တာမီလန်အသင်းမတိုင်မီက ဆော်ဒီထိပ်တန်း ကလပ်အသင်းများ၏ ကမ်းလှမ်းမှုများကိုလည်း ငြင်းပယ်ခဲ့ကြောင်း သိရသည်။

STA

# ပျူခေတ် ဝတ်စားဆင်ယင်မှု၊ ပျူလူမျိုးတို့၏ မျိုးရိုးဗီဇနှင့် သက်တမ်းတွက်ချက် သုတေသနပြုလုပ်ငန်းများဆောင်ရွက်ရန်စီစဉ်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၁**

ပျူခေတ် ဝတ်စားဆင်ယင်မှု၊ ပျူလူမျိုးတို့၏ မျိုးရိုးဗီဇနှင့် သက်တမ်းတွက်ချက် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ပျူခေတ်ဝတ်စားဆင်ယင်မှု၊ ပျူလူမျိုးတို့၏မျိုးရိုးဗီဇနှင့် သက်တမ်းတွက်ချက်သုတေသနပြုလုပ်ငန်းများကို ဆောင်ရွက်ရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် ပျူမျိုးဆက်ဆိုင်ရာသုတေသနလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် ပျူမျိုးဆက်ဆိုင်ရာ ကွင်းဆင်းသုတေသနလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းထားကြောင်း သိရသည်။

"ဌာနအနေနဲ့ ပျူနဲ့ပတ်သက်ပြီးတော့ စာပေအထောက်အထားတွေ၊ ကွင်းဆင်းသုတေသနအစီရင်ခံစာတွေ၊ တူးဖော်တွေ့ရှိချက်တွေ၊ ကျောက်စာတွေကို သုတေသနအရာရှိအဖွဲ့နဲ့ စိစစ်သုတေသနပြုတာတွေ ဆောင်ရွက်နေတယ်။ ပြီးတော့ အထောက်အထားတွေကို ထုတ်နုတ်ပြီး ဆောင်ရွက်နေပါတယ်။ နောက်ပိုင်းမှာလဲ ကျွမ်းကျင်ဝန်ထမ်းတွေအပြင် ပြင်ပက ပျူနဲ့ပတ်သက်တဲ့ ကျွမ်းကျင်တဲ့ပညာရှင်တွေ၊ မြန်မာ့သမိုင်းအဖွဲ့က ပျူနဲ့ပတ်သက်တဲ့ပညာရှင်တွေနဲ့ စုစည်းပြီးတော့ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ပြီး ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်၊ ညှိနှိုင်းအဖြေရှာပြီး စိစစ်ပြီးတော့မှ ဒါတွေကို ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု ဦးအောင်အောင်ကျော်က ပြောပြသည်။

ထို့ပြင် မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှစ၍ ပျူခေတ်ကာလထိ သမိုင်းကြောင်း အစဉ်အဆက်ဖြတ်သန်းခဲ့သော ပျူလူမျိုးများ၏ မျိုးရိုးဗီဇများနှင့် ယနေ့ခေတ်ကာလ လူမျိုးများ၏မျိုးရိုးဗီဇကိုလည်း နှိုင်းယှဉ်လေ့လာသွားမည်ဖြစ်ပြီး ပျူမျိုးဆက်ဆိုင်ရာသုတေသနလုပ်ငန်းများကို ပျူရှေးဟောင်းမြို့တော်များနှင့် ကြေးခေတ်၊ သံခေတ်နေရာများတွင်လည်း ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Masters of the Universe ဇာတ်ကား ရိုက်ကူးရေး Netflix တရားဝင်ဖျက်သိမ်း

**နယူးယောက် ဇူလိုင် ၂၁**


Masters of the Universe စူပါဟီးရိုးရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအစီအစဉ်ကို Netflix ရုပ်ရှင်ကုမ္ပဏီက တရားဝင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

Netflix ရုပ်ရှင်ကုမ္ပဏီသည် Masters of the Universe ဇာတ်ကားကို ထုတ်လုပ်ဆဲအဆင့်မှာပင် တရားဝင်ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

Netflix ရုပ်ရှင်ကုမ္ပဏီအနေဖြင့် Masters of the Universe ဇာတ်ကားကို စတင်ရိုက်ကူးရသေးခြင်းမရှိသော်လည်း ထုတ်လုပ်မှုအကြိုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀ ထိ သုံးစွဲထားပြီးဖြစ်သည်။

အွန်လိုင်းမှတစ်ဆင့် ရုပ်ရှင်ကြည့်ရှုသူအရေအတွက် ပြီးခဲ့သည့်လများအတွင်း ကျဆင်းလာခဲ့ပြီးနောက် Masters of the Universe ဇာတ်ကားရိုက်ကူးရေးအစီအစဉ်ကို Netflix ရုပ်ရှင်ကုမ္ပဏီက ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ငွေကြေးထပ်မထုတ်ရမီ ရိုက်ကူးထုတ်လုပ်မှုအစီအစဉ်ဖျက်သိမ်းရန် Netflix ရုပ်ရှင်ကုမ္ပဏီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO




# အဆိုတော် လွှမ်းပိုင်က တေးသီချင်းအယ်လ်ဘမ်နှစ်ခု ယခုနှစ်အတွင်း ထွက်ရှိရန်ပြင်ဆင်နေ

**ရန်ကုန် ဇူလိုင် ၂၁**

တေးသီချင်း အယ်လ်ဘမ်နှစ်ခုကို ယခုနှစ်အတွင်း ထွက်ရှိရန် ပြင်ဆင်နေကြောင်း အဆိုတော် လွှမ်းပိုင်က ပြောပြ၍ သိရသည်။

အဆိုပါတေးသီချင်း အယ်လ်ဘမ်နှစ်ခုတွင် ကိုယ်တိုင်ရေးကိုယ်ပိုင်သံစဉ် သီချင်းသစ်များ ပါဝင်မည်ဖြစ်ပြီး တေးသီချင်းအယ်လ်ဘမ်တစ်ခုတွင် သီချင်းသစ် ခြောက်ပုဒ်နှုန်းဖြင့် နှစ်ခွေဆက်တိုက်ထုတ်ဝေရန် စီစဉ်ထားကြောင်း သိရသည်။

"ကျွန်တော်ခွေထွက်ဖို့ လုပ်နေတာ ကြာပါပြီ။ အရင်ကိုဗစ်ကာလမှာက သိပ်မသိသာပေမဲ့ အခုနောက်ပိုင်း ပွဲတွေဆိုတဲ့အချိန်မှာ အတော်သိသာလာတယ်။ တစ်ခါလာလဲ ဒီသီချင်းပဲဆိုနေရတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ဆိုရတာ ပျင်းလာလို့ ခွေသစ်လေးလုပ်ဖြစ်တာပါ။ အရင်တုန်းက ရေးထားတဲ့သီချင်း



တွေကော အခုနောက်ပိုင်းရေးထားတဲ့သီချင်းတွေပါ ပါပါမယ်။ CD ခွေအနေနဲ့ မထွက်တော့ဘူး။ နားထောင်ဖို့လဲ ခဲယဉ်းသွားပြီလေ။ App ကတစ်ဆင့် ထုတ်သွားမှာပါ။ Title ကို အမည်ပေးထားပြီးပါပြီ။ ပရိသတ်ကို မကြာခင်မှာ အသိပေးသွားမှာပါ။ Featuring အနေနဲ့ နာမည်ကြီး အဆိုတော်ကြီးတွေအပြင် ခေတ်ပေါ်အဆိုတော်တွေလဲ သီဆိုပေးထားပါတယ်"ဟု အဆိုတော် လွှမ်းပိုင်က ပြောပြသည်။

အဆိုတော်လွှမ်းပိုင်သည် လက်တလောတွင် ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်သံဇာတ်လမ်းတွဲများ၌ ပါဝင်သရုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ASH

# ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိသည့်ဇာတ်ကားများတွင် Barbie ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းအား စံချိန်တင်အမြင့်ဆုံးရောင်းအားဖြစ်ခဲ့

**နယူးယောက် ဇူလိုင် ၂၁**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ Barbie ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းအားသည် ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိခဲ့သည့် ဇာတ်ကားများတွင်စံချိန်တင်အမြင့်ဆုံး ရောင်းအားဖြစ်ခဲ့ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

Barbie ဇာတ်ကားသည် Avatar: The Way of Water ဇာတ်ကားပြီးလျှင် ကြိုတင်လက်မှတ် ရောင်းအားအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်လာသည်။

Barbie ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ဂရီတာဂျားဝစ်က တာဝန်ယူရိုက်ကူးပေးထားပြီး ဇာတ်ညွှန်းရေးဆရာ နိုအာဘောင်းဘတ်က ရေးသားပေးထားသည်။

Barbie ဇာတ်ကားတွင် ကမ္ဘာကျော် မင်းသမီး မားဂေါ့ရော့ဘီနှင့် မင်းသား ရိုင်ယန်ဂိုးစလင်းတို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

Barbie ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ သန်း ၁၁၀ ထိ ရှိနိုင်ကြောင်း သိရသည်။ KKO



# တောင်သာမြို့နယ် ရွာသာလေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**တောင်သာ ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ရွာသာလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အကျုံးဝင်သော လုပ်ငန်းခွဲများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်သင်းလဲ့အောင်နှင့် ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကျေးရွာကော်မတီရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

ရွာသာလေးကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သက်မာ**

# More than 920 villages in Mawlamyine and Thaton districts to enjoy electricity in 2023-24 FY


An aerial view of some villages in Mawlamyine.

**Mawlamyine July 21**

If the national electrification plan has completed in 2023-24 financial year, more than 920 villages in Mawlamyine and Thaton districts of Mon State will have to consume electricity, according to the Ministry of Electric Power.

The NEP is being implemented as from 2015. Mawlamyine and Thaton ditricts are formed with 1,143 villages—525 in Mawlmyine district and 618 in Thaton district. On completion of the tasks in 2023-24 financial year, more than 920 villages in Mawlamyine and Thaton districts will have electrification.

In this regard, a total of 446 villages in Thaton district and 482 villages in Mawlamyine district, totalling 928 villages will have the chance to consume electricity on completion of the tasks in 2023-24 financial year.

A total of 292 villages in Mawlmyine district will be electrified through the national grid and 190 more villages in other ways. Likewise, a total of 425 villages in Thaton district will have electrification through the national grid and 21 villages in other ways.

As such, a total of 928 villages in Mawlamyine and Thaton villages will have electrification but there remain 43 villages in Mawlamyine district and 172 villages in Thaton district without electrification. Hence, the ministry is striving for electrifying remaining villages. 336

# Mawtaung, Myeik border trade camps handle export of more than 550 tons of marine products on 10 and 11 July

**Myeik July 21**

The Ministry of Commerce recently stated that more than 550 tons of marine products worth US$602,200 through Mawtaung and Myeik border trade camps on 10 and 11 July.

Myanmar authorities set the non-fishery season from April to June when fish hatch. Hence, volume of marine products in export declined as trawlers suspended functions.

Now, the non-fishery season was over, so trawlers rejoined the works to do fishery. On 10 and 11 July, Mawtaung and Myeik border trade camps exported a total of 551.45 tons of marine products worth US$602,200 to Thailand.

In this regard, Mawtaung camp handled export of 47.78 tons of marine products to earn US$78,200 and Myeik camp, 503.67 tons to secure US$524,000.

During the two days, both trade camps managed export of fishes, crabs, lobsters, snails, and others to Thailand. 336


Fish being packed in baskets for exports.

# More than US$5 million spent on import of 2,500 tons of condensed milk in June

**Nay Pyi Taw July 21**

The Ministry of Commerce stated that the country imported more than 2,500 tons of condensed milk worth US$5 million in June this financial year to fulfill the requirement of local consumption.

Despite producing milk and dairy products at home, Myanmar still imports milk and dairy products abroad.

In June, more than 2,500 tons of condensed milk and milk powder worth US$5.154 million was imported through marine trade route. In this regard, more than 1,500 tons of condensed milk and over 1,000 tons of milk powder were imported.

In so doing, more than 1,300 tons of condensed milk was imported from Singapore and more than 200 tons from Malaysia, and some 300 tons of milk powder from Lithuania, more than 630 tons from New Zealand, more than 50 tons from US and over 20 tons from Ukraine.

As such, relevant ministries and Myanmar Dairy Entrepreneurs Association are jointly striving for increased production of milk and dairy products at home.

A five-year plan was adopted to implement the project of extending breeding pedigree dairy cows and improve their genetic measures in cooperation with New Zealand. Hence, some 300,000 dairy cows are being bred in Myanmar to produce some 800,000 tons of milk per year.

A person of Myanmar consumes some 26 kilos of milk per year. 336

# Climate change: Which countries will foot the bill?

**Beijing July 21**

Record-breaking heat in China. Wildfires forcing Swiss villages to evacuate. Drought ravaging Spanish crops. As the costs of climate change rack up, a debate is surging among governments: who should pay?

The question has been in the spotlight amid this week's climate talks between the U.S. and China, where the world's two biggest economies tried to find ways to work together on issues ranging from renewable energy deployment to climate finance ahead of this year's U.N. climate summit, COP28, in Dubai.

Given China's rapid economic growth and increasing emissions, pressure has grown on Beijing to join the group of countries providing this funding.

During the talks in Beijing, U.S. climate envoy John Kerry said the two sides would continue to discuss climate finance over the next four months, before the COP28 conference starting Nov. 30.

"It's difficult to argue that countries like China, Brazil or Saudi Arabia should still be put at the same level as the least developed countries and small island developing states," a diplomat from one European Union country told Reuters. Reuters

# Amsterdam bans cruise ships to limit visitors and curb pollution

**Amsterdam July 21**

Amsterdam's council has banned cruise ships from the city centre as the Dutch capital tries to limit visitor numbers and curb pollution.

Politicians said the vessels were not in line with the city's sustainable ambitions.

It means the central cruise terminal on the River IJ near Amsterdam's main train station will close.

It is the latest measure to clamp down on mass tourism in the city.

Cruise ships have become a symbol of the problem, with more than 100 mooring in the capital every year.

The council has been trying to scrub up the city, banning cannabis smoking on the streets of the red-light district.

In March the city launched an online campaign urging young British men considering holding their bachelor parties in Amsterdam to stay away.

Amsterdam has become a victim of its own popularity, attracting 20 million annual visitors - some drawn by its party city reputation.

"Cruise ships in the centre of the city don't fit in with Amsterdam's task of cutting the number of tourists," said Ilana Rooderkerk of the liberal D66 party, which runs the city along with the Labour party and environmentalists.

Ms Rooderkerk recently compared cruise tourists to a type of "plague of locusts" descending all at once on the city.

BBC


A passenger terminal in Amsterdam's docklands.

# More than 800 foreign tourists paid visits to Kachin State from January to June 2023


An aerial view of mountain ranges in Kachin State.

**Myitkyina July 21**

Director U Khaing Win of the Directorate of Hotels and Tourism said that a total of 885 foreign travellers paid visits to destinations in Kachin State during the period from January to June 2023.

Such an amount of foreign travellers increased 429 persons more than those in the prevous same period in Kachin State.

The director disclosed, "A total of 71,771 local and foreign travellers visited Kachin State in 2021, 184,111 in 2022 and 70,788 from January to July 2023. So, number of travellers bound for Kachin State has been increasing year after year. Moreover, incomes from travellers amounted to K1,353.9 million and US$16,635 in 2021, K3,249.1 million and US$47,535 in 2022 and K1,333 million and US$10,755 from January to July 2023."

Kachin State government is improving Myitsone area as a tourism symbol of Myitkyina so as to create new destinations for travellers. Moreover, local people and Putao District authorities are joining hands in shaping Putao region as the local and foreign travel city due to possessing fascinated snow-capped mountains.

So far, a total of 69 hotels and lodges are providing accommodation to travellers in Kachin State with the help of 61 tour companies and 167 local tour guides within two financial years from 2021 to 2023. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bago Region to cultivate more than 2.6 million acres of monsoon paddy to meet the target in July

**Bago July 21**

Bago Region arranges cultivation of monsoon paddy on more than 2.6 million acres of farmlands for meeting the target by July, according a press release issued by the Bago Region government on 18 July.

Despite operating various businesses with local and foreign investments, Bago Region has arranged operation of agriculture and livestock farms as main businesses for the local people.

In 2023-24 cultivation season, the region set a target of growing 2,697,472 acres of monsoon paddy, 2,339,535 acres of which have been cultivated in the second week of July.

As such, the region cultivation accounted for 86.73 per cent. Hence, local farmers decided to grow monsoon paddy meeting the target of cultivation by July this year.


Monsoon paddy cultivation in progress.

Currently, Bago Region government carries out enhance of cultivation capacity in relevant townships. In this regard, the region has enhanced cultivation capacity to 68.06 per cent in double cropping and 181.56 per cent in multiple crop cultivation.

This financial year, the region set a target to meet 180.99 per cent of cultivation capacity with 78.64 per cent of double cropping. Hence, arrangements are being made to supply quality seeds of crops and inputs to local farmers.

Authorities decided to inspect cultivation of high yield groundnut and onions on alluvial lands between Ayeyawady and Myitmakha rivers. Furthermore, farmers awareness will be risen to grow Robusta coffee and cocoa. 336

# Ayeyawady produces over 130 million coconuts per year and exports about 44% of them

**Pathein July 21**

Ayeyawady Region produces more than 130 million coconuts per year, and about 44 percent of them are exported to foreign markets, according to reports from the Ayaya Trading Center.

The Ayeyawady Region is a region where coconut trees are flourishing just as rice is flourishing.

In the towns and villages of Ayeyawady Region, coconut trees are planted in almost every home yard.

Coconut trees are long-lasting plants that can last a lifetime just by planting them once.

Therefore, along with agricultural businesses in the Ayeyawady Region, there are coconut plantations.

Cyclone Nargis destroyed many coconut plantations in the region.

A coconut tree is about 7 years old, and the replanted coconut trees after Nargis are now bearing fruit.

Coconuts are being exported to Thailand and Bangladesh.

According to reports from the Myanmar Coconut Producers and Traders Association, more than 400 million coconuts are produced annually in Myanmar, with 63 percent of domestic consumption and 37 percent of overseas exports. 336


Photo shows piles of newly plucked coconuts.

# Yinkwe mangoes getting good prices in Chinese market as its season is about to end

**Mandalay July 21**

As a seasonal fruit whose season is going to end soon, the remaining Yinkwe mangoes are getting good prices in their exports to the Chinese market, said U Kyaw Soe Naing, secretary of Myanmar Mango Market and Technology Development Association (Mandalay).

Now there are only a few stocks of Yinkwe mangoes. In exports to China, the price is 60 to 80 yuan for a basket of 16 kilograms.

"We are selling those mangoes to the Chinese market at good prices. The price is good because its season is ending soon. About 5 to 10 trucks loaded with those mangoes go to China a day. This year, mangoes are in good demand. Prices depend on quality. Growers should take care of their quality in coming years," U Kyaw Soe Naing said.

Mangoes are still going to China because of its demand. Several species of mangoes such as Seintalon, Shwe Hintha, Yindwe, Padamya Ngamauk and Methi are exported every year. 185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တောင်ကိုရီးယားနိုင်ငံက Hyunmoo-V ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာတီထွင်နိုင်ခဲ့



တောင်ကိုရီးယားနိုင်ငံသည် အနာဂတ်သင်္ဘော Joint Strike Ship တွင်တပ်ဆင်အသုံးပြုရန် Hyunmoo-V ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာတီထွင်နိုင်ခဲ့ကြောင်း ဇူလိုင် ၁၉ ရက်က https://www.naval-news.com တွင် ဖော်ပြထားသည်။

လက်နက်စနစ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စမ်းသပ်မှုအဆင့်များကို အချောသပ်လုပ်ဆောင်နိုင်မှုအပေါ် မှတ်တမ်းတစ်ခုအဖြစ် ယခုနှစ် အစောပိုင်းတွင် Hyunmoo-V ပဲ့ထိန်းဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

တောင်ကိုရီးယားသည် Hyunmoo-V ပဲ့ထိန်းဒုံးကျည်ကို နှစ်စဉ်အစင်းရေ ၇၀ ထိ ယခုနှစ် နှောင်းပိုင်းတွင် ထုတ်လုပ်ရန် စီစဉ်နေသည်။

ရည်မှန်းချက်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း Hanwha Ocean ကုမ္ပဏီက တီထွင်ထုတ်လုပ်မည့်အနာဂတ် Joint Strike Ship ပူးပေါင်းတိုက်ခိုက်ရေး စစ်ရေယာဉ်၏ စစ်ဆင်ရေးများအတွက် ဒုံးကျည်အစင်း ၂၀၀ ထိ သယ်ဆောင်အသုံးပြုနိုင်ရန်လည်းဖြစ်သည်။

Hyunmoo-V ဒုံးကျည်သည် တောင်ကိုရီးယားနိုင်ငံ၏ Hyunmoo ပဲ့ထိန်းဒုံးကျည်အုပ်စုဝင် အမျိုးအစားကွဲတစ်ခုဖြစ်သည်။ Hyunmoo-V ဒုံးကျည်မတိုင်မီ ဒုံးကျည်စာရင်းကို လက်ခံအသုံးပြုနိုင်ရန် စမ်းသပ်မှုများပြုလုပ်နေဆဲဖြစ်ပြီး ပထမစာရင်းကို ဖြန့်ကြက်အသုံးပြုနိုင်သည့်စာရင်းမှ ပယ်ဖျက်လိုက်ပြီဖြစ်သည်။

Hyunmoo-V ဒုံးကျည်သည် Korea Massive Punishment & Retaliation (KMPR) လက်တုံ့ပြန် တိုက်ခိုက်ရေးမူဝါဒအတွက် တောင်ကိုရီးယားနိုင်ငံ ဝင်ရိုးသုံးခုပါစနစ်၏ အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် တီထွင်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။

Hyunmoo-V ပဲ့ထိန်းဒုံးကျည်သည် အများဆုံးအကွာအဝေးကီလိုမီတာ ၃၀၀၀ (၁၈၆၄ မိုင်) ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး ထိပ်ဖူးအလေးချိန် ရှစ်တန်ကျော်ရှိသည်။ ၎င်းသည် ရန်သူ့မြေအောက်ကွပ်ကဲမှုစင်တာများ၊ နျူကလီးယားဒုံးကျည်စခန်းများနှင့် အခြားသောအချက်အချာအဆောက်အအုံများကို အလျင်နှုန်း Mach 10 နီးပါးဖြင့် ပျံသန်း၍တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

Hyunmoo-V ပဲ့ထိန်းဒုံးကျည်၏ ထူးခြားချက်တစ်ခုမှာ အအေးခံနည်းပညာဖြစ်သည်။ ပဲ့ထိန်းဒုံးကျည်သည် လောင်ချာမှပျံထွက်သွားပြီးမှသာ အင်ဂျင်က စတင်လုပ်ဆောင်မည်လည်းဖြစ်သည်။ Hyunmoo-V ပဲ့ထိန်းဒုံးကျည်သည် အဖျက်စွမ်းအားကြီးမားစွာဖြင့် ရန်သူ၏ မြေအောက်စနစ်များကို တိုက်ခိုက်နိုင်စွမ်းရှိပြီး မြေငလျင်ဖြစ်ပေါ်မှုများမှ တစ်ဆင့် မြေအောက်ဥမင်လိုဏ်ခေါင်းပြိုကျသည်ထိ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**S. Korea Completes Hyunmoo-V Ballistic Missile Development ကိုဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ထံမှ NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုဝယ်ယူရန် တရုတ်(တိုင်ပေ)စီစဉ်နေ

တရုတ်(တိုင်ပေ)အစိုးရသည် အမေရိကန်ထံမှ လေကြောင်းရန်ကာကွယ်ရေးစနစ် NASAMS ကို ဝယ်ယူရန်စီစဉ်နေကြောင်း ဇူလိုင် ၂၀ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

မကြာသေးမီက ဥပဒေပြုရေးအစည်းအဝေးတွင် တရုတ်(တိုင်ပေ)၏ကာကွယ်ရေးဝန်ကြီးက သီးခြား ပြောကြားခဲ့ရာတွင် တရုတ်(တိုင်ပေ) စစ်ဘက်သည် အမေရိကန်ထံမှ NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဝယ်ယူရန်စီစဉ်နေသော်လည်း အမေရိကန်ထံမှ တရားဝင်အကြောင်းကြားစာ မရရှိသေးကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ထံမှ ခွင့်ပြုမည်ဆိုပါက NASAMS သည် တရုတ်(တိုင်ပေ)၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အားကောင်းလာစေရန် မျှော်မှန်းထားကြောင်း သိရသည်။

"ဒီဝယ်ယူရေးလုပ်ငန်း အထမြောက်ဖို့ဆိုတာကတော့ ရန်သူ့အခြေအနေနဲ့အညီ လုပ်ဆောင်ရမှာပဲ။ ရုရှား-ယူကရိန်း ပဋိပက္ခမှာ ဒီလက်နက်တွေက ကောင်းကောင်းစွမ်းဆောင်နိုင်တယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်"ဟု တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

NASAMS လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ကိုဝယ်ယူရန် စဉ်းစားနေသည့် တရုတ်(တိုင်ပေ)၏ဆုံးဖြတ်ချက်သည် ယူကရိန်းတွင် NASAMS လေကြောင်းရန် ကာကွယ်ရေးစနစ်၏ သိသာထင်ရှားသောအောင်မြင်မှုကြောင့်ဖြစ်သည်ဟု www.thedefensepost.com က ရေးသားဖော်ပြထားသည်။

Raytheon နှင့် Kongsberg တို့ ပူးတွဲတီထွင်ထုတ်လုပ်ထားသည့် NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ရန်သူ့ဒရုန်းများ၊ ဒုံးကျည်များ၊ ရဟတ်ယာဉ်များနှင့် လေယာဉ်များကို ကာကွယ်နိုင်သည့် တာတိုမှတာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ် အမျိုးအစားဖြစ်သည်။ ၎င်းသည် အကွာအဝေးကီလိုမီတာ ၅၀ (၃၁ မိုင်) ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။



အဆိုပါ NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အမေရိကန်နိုင်ငံထုတ် MPQ-64 Sentinel လေကြောင်းရန်ကာကွယ်ရေးရေဒါဖြင့် ပေါင်းစည်းလုပ်ဆောင်ထားပြီး AIM-120 အဆင့်မြင့် တာလတ်ပစ်ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ၊ AIM-9X Block II Sidewinder ဒုံးကျည်များနှင့် ဂျာမနီထုတ် IRIS-T တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တို့နှင့်တွဲဖက်အသုံးပြုနိုင်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ)တွင် NASAMS လက်နက်စနစ်ကို National Chung Shan Institute of Science and Technology က တီထွင်ထားသော လေကြောင်းရန်ကာကွယ်ရေးစနစ် နှစ်ခုနှင့်ပေါင်းစပ်အသုံးပြုနိုင်မည်ဟု သိရသည်။

**Taiwan Mulls NASAMS Air Defense System Acquisition From US ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားစစ်ဘက်က တပ်ဖွဲ့များထံ ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ တိုးမြှင့်ပေးပို့ရန်စီစဉ်နေကြောင်း ဝန်ကြီးချုပ်ပြောကြား

ရုရှားစစ်ဘက်သည် ၎င်း၏တပ်ဖွဲ့များထံ ပဉ္စမမျိုးဆက် တိုက်လေယာဉ်များ တိုးမြှင့်ပေးပို့ရန်စီစဉ်နေကြောင်း ရုရှားဝန်ကြီးချုပ် မီခေးလ်မစ်ရှုစတင်က ဇူလိုင် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ပဉ္စမမျိုးဆက် တိုက်လေယာဉ်များ ပေးပို့မှုတိုးမြှင့်ရန်စီစဉ်ထားသည်ဟု ရုရှားနိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် မီခေးလ်မစ်ရှုစတင်က ရုရှားတပ်ဖွဲ့များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး ပူးပေါင်းညှိနှိုင်းမှုကောင်စီကို ဇူလိုင် ၁၈ ရက်က ပြောကြားခဲ့သည်။




နိုင်ငံတော်၏ ဝယ်ယူရေးအမှာစာကို အချိန်မီအကောင်အထည်ဖော်နိုင်စေရန်သည် ကောင်စီ၏ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"ဥပမာအနေနဲ့ နောက်လနှောင်းပိုင်းမှာ လေယာဉ်ထုတ်လုပ်သူတွေက Su-35S တိုက်လေယာဉ်အသစ် နောက်ထပ်တစ်သုတ်ကို ကာကွယ်ရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ နောက်ထပ်လေယာဉ်တွေလဲ ဆက်ထုတ်နေပါတယ်" ဟု ဝန်ကြီးချုပ် မီခေးလ်မစ်ရှုစတင်က ပြောကြားခဲ့သည်။

ထို့ပြင် Uralvagonzavod စက်မှုလုပ်ငန်းစုသည် ၎င်းတို့စီစဉ်ထားသည့်အတိုင်း T-90M Proryv နှင့် T-72BZM တင့်ကားများကို ရုရှားစစ်ဘက်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

"ဒီလုပ်ငန်းဟာ ပြီးခဲ့တဲ့နှစ်အတွင်း အရှိန်အဟုန်နဲ့ တစ်ဟုန်ထိုးတိုးမြင့်လာခဲ့ပြီး အစီရင်ခံထားတဲ့ကာလမှာ ထုတ်လုပ်မှု သုံးဆကျော် တိုးလာခဲ့ပါတယ်။ သူတို့ထုတ်လုပ်တဲ့ တင့်၊ သံချပ်ကာယာဉ်တွေဟာ ယူကရိန်း အထူးစစ်ဆင်ရေးတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့အတွက် အထူးလိုအပ်ပါတယ်"ဟု မီခေးလ်မစ်ရှုစတင်က ပြောကြားခဲ့သည်။

Su-57 တိုက်လေယာဉ်စနစ်သည် ဝေဟင်၊ မြေပြင်နှင့်ရေပြင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ရုရှားနိုင်ငံ၏ ပဉ္စမမျိုးဆက်ဘက်စုံသုံးတိုက်လေယာဉ်ဖြစ်သည်။

အဆိုပါတိုက်လေယာဉ်တွင် Supersonic ပျံသန်းမှုအမြန်နှုန်း၊ လေယာဉ်ကိုယ်ထည်အတွင်း လက်နက်များသယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်း၊ ရေဒီယိုလှိုင်းများစုပ်ယူနိုင်သော ကိရိယာများနှင့် လေယာဉ်ပေါ်ရှိ နောက်ဆုံးပေါ်အဆင့်မြင့် စက်ပစ္စည်းကိရိယာများ ပါဝင်ကြောင်း သိရသည်။

**Russian armed forces to get more fifth-generation fighter jets — prime minister ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၅၄၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၅၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၅၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ မိုးစပါးဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိအချိန်ထိတော့ မိုးစပါးဧက ၇၀၀၀ ကျော်စိုက်ပြီးနေပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ကျွန်းလှမြို့နယ်မှာ မိုးစပါးစိုက်ပျိုးမှုကတော့ တိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၉၄၉၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၄၀၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကာ တစ်ဧကလျှင် ပျမ်းမျှ ၇၃ ဒသမ ၄၇ တင်းထွက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာတွင် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ရောမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ စပါးမျိုးတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခင်နှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ရောမင်း ၁၄၄၁၇ ဧက၊ မနောသုခ ၉၃၃၈ ဧက၊ ဆင်းသုခ ၇၃၈၇ ဧက၊ ရွှေသွယ်ရင် ၂၉၅၁ ဧက စုစုပေါင်း ၃၄၀၉၃ ဧကဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ကွမ်းလုံမြို့နယ် ပန်လွေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကွမ်းလုံ ဇူလိုင် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ပန်လွေးကျေးရွာ၌ VDPစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသိန်းမော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကွမ်းလုံမြို့နယ် ပန်လွေးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာခန်းမ တည်ဆောက်ခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ညောင်လေးပင်မြို့နယ်၌ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဆင်း

**ညောင်လေးပင် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကော်မတီဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ VDP စီမံကိန်းရေးဆွဲနည်းနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ၊ မိမိတို့ကျေးရွာအတွက် ဆောင်ရွက်ရမည့် လူဦးရေနှင့် အခြေခံ အချက်အလက်များ ကောက်ယူနည်း၊ သယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများ ဖြည့်သွင်းနည်း၊ လုပ်ငန်းပြီးစီးမှု အစီရင်ခံစာ တင်ပြခြင်းနည်းနှင့် မှတ်တမ်း ထိန်းသိမ်းနည်းများကို စနစ်တကျသင်ယူပြီး လုပ်ငန်းခွင်တွင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာမှ ကော်မတီဝင် ၁၆ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ဇူလိုင် ၁၈ ရက်မှ ယနေ့ထိ လေးရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖြူလေး**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၇-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၁၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကို တွေ့ရစဉ်။



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းထံ သတင်းမီဒီယာများက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



ကျောက်ကျောက်တော်ကြီးကို နေပြည်တော်သို့ရောက်ရှိနိုင်ရေးအတွက် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့ဖြင့် အဆင့်ဆင့်ကြိုးပမ်းသယ်ယူပင့်ဆောင်ခဲ့ရမှု မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် တည်ထားကိုးကွယ်ရေးဆောင်ရွက်ခဲ့မှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆိုင်ရာ အချက်အလက်များနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ထည့်သွင်း တည်ဆောက်ထားရှိသည့် သာသနိကအဆောက်အအုံများ၊ ကျောက်စာရုံစေတီများဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ညာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ရုပ်ပွားတော်မြတ်ကြီးနှင့် ကြီးမားကျယ်ပြန့်ပြီး ခမ်းနားထည်ဝါလှသည့် ဗုဒ္ဓဥယျာဉ်တော် သာသနာ့နယ်မြေကို တည်ဆောက်ခဲ့ရာတွင် ငွေအင်အား၊ လူအင်အား အများအပြားဖြင့် နေ့မနား၊ ညမအားကြိုးစား၍ ဗုဒ္ဓဘာသာ သာသနာ ရောင်ဝါနေသို့လင်းစေရေး ဆောင်ရွက်ခဲ့ရမှုများကို ရှင်းလင်းပြောကြားရာ၌ ရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် စကျင်ကျောက်တော်ကြီး လက်ခံရရှိခဲ့မှုနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ် တွက်ချက်မှုများ ဆောင်ရွက်ခဲ့ရမှု၊ စကျင်ကျောက်တော်ကြီးကို နေပြည်တော်သို့ ရောက်ရှိနိုင်ရေးအတွက် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့ကို အသေးစိတ် တွက်ချက်ဆောင်ရွက်၍ ကြိုးပမ်းသယ်ယူ ပင့်ဆောင်ခဲ့ရမှု၊ နေပြည်တော်သို့ ပင့်ဆောင်နေချိန်နှင့် တစ်ပြိုင်တည်း၌ပင် နေပြည်တော်သို့ ရောက်ရှိပြီးချိန်၌ စတင် ထုဆစ်မည့်နေရာ၊ ထုဆစ်ပြီးချိန်တွင် တည်ထားကိုးကွယ်မည့်နေရာနှင့် သာသနိက အဆောက်အအုံများ ထည့်သွင်းဆောင်လုပ်နိုင်ရေးတို့အတွက်ကိုလည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဟန်ချက်ညီဖြစ်အောင် ဆောင်ရွက်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီးကို အပိုင်း လေးပိုင်း ဖြင့်ခွဲ၍ ထုဆစ်ပုံဖော်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပြီး ခေတ်မီ CNC နည်းပညာအသုံးပြု၍ အဆင့်ဆင့်ထုဆစ်ပုံဖော်ဆောင်ရွက်ခဲ့ကာ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် ထုဆစ်ခြင်းလုပ်ငန်းများအားလုံး ပြီးစီးခဲ့မှု၊ ထို့နောက် ရုပ်ပွားတော်မြတ်ကြီး၏ အပိုင်းများအား တွဲဆက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုနှင့် တစ်ချိန်တည်း၌ပင် ကျောက်စာရုံစေတီ စုစုပေါင်း အဆူ ၇၂၀ ကိုလည်း တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ အပိုင်းများကို တွဲဆက်ပြီးနောက် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုနှင့် စေတနာရှင် ရဟန်းရှင်လူမိဘပြည်သူများလှူဒါန်းထားသည့် ဌာပနာတော်များ ထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီးအား ပိဋကတ်တော်လာ အချက်အလက်များနှင့် ညီညွတ်ပြည့်စုံစေရေးအတွက် ဥဏ္ဏာလုံမွေးရှင်တော် ဓာတ်စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပခဲ့မှု၊ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ ဆင်းတုတော်နှင့် ပလ္လင်တော်ထုဆစ်ခြင်း လုပ်ငန်းတိုးတက်မှုမှတ်တမ်းများ၊ ရင်ပြင်တော်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးသည့်အချိန်တွင် မြင်တွေ့ရမည့်အခြေအနေများကို Powerpoint Presentation များ၊ မှတ်တမ်း Video ဖိုင်များ၊ အထူးပြုလုပ်ချက်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်အဆင့် စည်ကားခမ်းနားစွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အနေကဇာတင်လှူပူဇော်ပွဲအခမ်းအနား၌ ပြည်ပနိုင်ငံ ကိုးခုမှ သံဃာတော် အပါး ၇၀ ကျော်သည်လည်း တက်ရောက် အနေကဇာတင်မည်ဖြစ်ပါကြောင်းနှင့် မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပနေမှုများကို ပြည်သူလူထုတစ်ရပ်လုံး ကြည့်ရှု ကုသိုလ်ပွားနိုင်ရေးအတွက်လည်း နိုင်ငံပိုင်ရုပ်မြင်သံကြား Channel များမှ တိုက်ရိုက်ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါတရားပွားများစွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ရာ ဗိုလ်ချုပ်ဇော်မင်းထွန်းက လက်ခံရယူသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ ဓာတ်ပုံဆရာများအသင်းမှ ဓာတ်ပုံပညာရှင်များ လာရောက်သတင်းရယူခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာကြသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်းနှင့် စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဘူးသီးတောင်-တောင်ဘဇာလမ်းဘေး၌ ပိတ်ဆို့နေသော အမှိုက်များအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ရေး၊ ခြင်ဆေးဖျန်းခြင်း၊ မိုးစပါးအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေး ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွာမကျေးရွာအုပ်စု ရွာမအမှိုက်ကွင်းနေရာသို့ သွားရောက်ပြီး ဘူးသီးတောင်-တောင်ဘဇာ လမ်းဘေး၌ ပိတ်ဆို့နေသောအမှိုက်များကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပျားလည်ချောင်းကျေးရွာရှိ စပါးစိုက်တောင်သူတစ်ဦး၏ လယ်မြေ ငါးဧကတွင် Gw-11 မျိုးစပါးများကို ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ပြုလုပ်သော မော်တော်ယာဉ်ဂိတ်မှူးများ တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကစ္ဆပသီရိကားဝင်းအတွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သော ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၀ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Tin Ngwe” အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး နန်းတော်ရာရပ်ကွက်နေ တင်ငွေကို ညနေ ၃ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ရက္ခိတဂေါပိတအဖြစ် သီတင်းသုံးတော်မူမည့် ဆရာတော်ကြီး သုံးပါးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်



**မန္တလေး ဇူလိုင် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော် အတွင်း၌ တည်ထားလျက်ရှိသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ရက္ခိတဂေါပိတအဖြစ် သီတင်းသုံးတော်မူမည့် မန္တလေးတိုင်း ဒေသကြီးအတွင်းမှ ဆရာတော်ကြီး သုံးပါး နေပြည်တော်သို့ကြွရောက်ရန် ယာယီ သီတင်းသုံးတော်မူနေသည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမသို့ ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက် ဖူးမြော်သည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့်တာဝန်ရှိ သူများကဖူးမြော်၍ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး၏ ပရိဝုဏ်အတွင်း ရက္ခိတ ဂေါပိတအဖြစ် သီတင်းသုံးတော်မူမည့် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းကထိက တောင် စလင်းတိုက်သစ် ဘာဝနာဌာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိဝရနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဆရာတော်ကြီး သုံးပါးအား နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)ဘွဲ့နှင်းသဘင်ခန်းမတွင် တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဖူးမြော် ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နေပြည်တော်သို့ကြွရောက်မည့် အစီအမံ များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းလျှောက်ထား ပြီး ဆရာတော်ကြီးများအား လှူဖွယ် ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ် နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd.က တင်သွင်းလာ သော MG, MG5 အမျိုးအစား လျှပ်စစ် သုံးမော်တော်ယာဉ် ငါးစီးသည် ရန်ကုန် ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော် ယာဉ်များတင်သွင်းမှုအတွက် အကောက် ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများ ကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလို သော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်း နိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြု လုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ် နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၈၂၂၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၈၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ဇူလိုင် ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၉၅၇ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၇၃၅ ဦး |

**နေပြည်တော် ဇူလိုင် ၂၁**

ဇူလိုင် ၂၀ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၉၂၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်နှင့်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အင်းစိန်ခရိုင်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်နှင့်အောက် အမျိုးသမီး ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၀ ရက် ညနေပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (Y.T.C)ဘောလုံးကွင်း၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစား သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အင်းစိန်ခရိုင်အသင်းနှင့် တွံတေးခရိုင် အသင်းတို့၏ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှု များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း အကောင်းဆုံးဆုရရှိသူများ၊ အသင်းလိုက်ဆုများ၊ တံခွန်စိုက်ဆုဖလား ဆုရရှိခဲ့သည့် အင်းစိန်ခရိုင်အသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖလားဆု၊ ဆုတံဆိပ် များနှင့် ငွေသားဆုများကို အသီးသီး ချီးမြှင့် ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြကာ အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၁**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်း တွင် တိုင်းစစ်ဌာနချုပ် ဇေယျသိဒ္ဓိအားကစား ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) အသင်းနှင့် လားရှိုးတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင် ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်း ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆု ရရှိသော လားရှိုးတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့် ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ် ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့ များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် အုပ်စု နှစ်စုခွဲကာ ဇူလိုင် ၁၂ ရက်မှ ယနေ့ ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးတပ်နယ် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ် ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ပြိုင်ပွဲဝင်အားကစားသမားများ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက် ပြုလုပ်ရာ အသင်းလိုက်ဆုရရှိသူများ၊ တစ်ဦးချင်းဆု ရရှိသူများနှင့် ဒိုင်းဆု ရရှိသည့်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ် ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် ဇူလိုင် ၁၂ ရက်မှ ၂၀ ရက်ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ် ဌာနချုပ် တပ်နယ်အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစား သမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက် ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲ ဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများ ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို တိုင်းစစ် ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့ များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ပြိုင်ပွဲဝင် အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးစဉ်။



**၂၂-၇-၂၀၂၃ (စနေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၄း၃၀ | လေ့လာမှတ်သား ရှိုးရာစကားပုံများ |
| ၄။ | ၁၆း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၈း၂၀ | Thazin Request Song |

# မကွေးမြို့ မဟာဝိသုတာရာမကျောင်းရှိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းအလှူတော်မင်္ဂလာပြုလုပ်



ဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မဟာဝိသုတာရာမကျောင်းရှိ ဆရာတော်ကြီးကိုးပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ သာသနမာမက သိမ်တော်၌ ပြုလုပ်ရာ မဟာဝိသုတာရာမကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တတိလောက အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက မဟာဝိသုတာရာမကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာဝိသုတာရာမကျောင်းတိုက်၏ နာယကဆရာတော် ဘဒ္ဒန္တတေဇိန္ဒထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းစစ်တုရင်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များဖိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသင်းလိုက်ဆုရရှိသူများနှင့် တစ်ဦးချင်းဆုရရှိသူများကို ဆုတံဆိပ်များနှင့်ဂုဏ်ပြုဆုငွေများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါစစ်တုရင်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ဒိုင်းဆုရရှိသော အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်ဆေးရုံများနှင့် နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇေသန်းလှိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ဇူလိုင် ၂၀ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်ရှိ သတ်မှတ်နေရာများ၌ ပြုလုပ်ကြရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများဖြင့် ဇူလိုင် ၂၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# မြောက်ကာရိုလိုင်းနားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၈ ဦးရှိခဲ့



**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ဇူလိုင် ၁၉ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၈ ဦးရှိခဲ့ကြောင်း ဇူလိုင် ၂၀ ရက်က အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ABC News သတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် ရေးသားဖော်ပြထားသည်။

မြောက်ကာရိုလိုင်းနားပြည်နယ်တွင် တိုက်ခတ်ခဲ့သောလေဆင်နှာမောင်းသည် EF 3 အမျိုးအစား လေဆင်နှာမောင်းဖြစ်ပြီး တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၁၅၀ ထိ ပြင်းထန်ခဲ့ရာ ပြည်နယ်အတွင်း အပြင်းထန်ဆုံး လေဆင်နှာမောင်းတစ်ခုဖြစ်ကြောင်း ပဏာမပျက်စီးမှုစစ်တမ်းများအပေါ် အခြေခံ၍ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လေဆင်နှာမောင်းသည် မြောက်ကာရိုလိုင်းနားပြည်နယ် Nash ကောင်တီရှိ မြို့ငယ်တစ်ခုဖြစ်သော Dortches မြို့ကို ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်မှုသည် မိနစ် ၃၀ ခန့် တိုက်ခတ်ခဲ့ရာ အဆောက်အအုံ အများအပြား ပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၈ ဦးရှိကာ ၁၆ ဦးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိကြောင်း သိရသည်။

ကော်လိုရာဒိုပြည်နယ်နှင့် အိုကလာဟိုးမားပြည်နယ်တို့တွင်လည်း လာမည့်ရက်များအတွင်း လေဆင်နှာမောင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်ပြီး မစ်ချီဂန်ပြည်နယ်နှင့် တောင်ကာရိုလိုင်းနားပြည်နယ်တစ်လျှောက် မိုးသီးကြွေကျခြင်းများနှင့် လျှပ်တစ်ပြက်ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

AZH

# ရာဂျက်စသန်ပြည်နယ်တွင် ပြင်းအားအလယ်အလတ်ရှိ ငလျင်သုံးကြိမ်လှုပ်ခတ်

**နယူးဒေလီ ဇူလိုင် ၂၁**

အိန္ဒိယနိုင်ငံ ရာဂျက်စသန်ပြည်နယ် ဂျိုက်ပါမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နံနက် အစောပိုင်းက ပြင်းအားအလယ်အလတ်အဆင့်ရှိ ငလျင်သုံးကြိမ်လှုပ်ခတ်ခဲ့ရာ လူအများအပြား ကြောက်လန့်၍ နေအိမ်များအပြင်သို့ ထွက်ပြေးခဲ့ကြသည်ဟု အမျိုးသားငလျင်ဗေဒဗဟိုဌာန၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ Inventiva သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုကို အငယ်စားမှ အလတ်စားအဆင့်ရှိကြောင်း အမျိုးသား ငလျင်ဗေဒဗဟိုဌာနက ကြေညာထားပြီး ဂျိုက်ပါမြို့နှင့် အခြားမြို့အများအပြားတွင်လည်း ငလျင်လှုပ်ခတ်မှုကို ခံစားခဲ့ကြရရာ လူအများအပြား နေအိမ်များအတွင်းမှ လမ်းများပေါ်သို့ ပြေးထွက်ခဲ့ကြကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုသည် ဂျိုက်ပါမြို့အနီး မြေအောက်အနက် ၁၀ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၄ နာရီ ၉ မိနစ်ခန့်တွင် ပြင်းအား ၄ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်တစ်ကြိမ်၊ နံနက် ၄ နာရီ ၂၂ မိနစ်တွင် ပြင်းအား ၃ ဒသမ ၁ မဂ္ဂနီကျူရှိငလျင်တစ်ကြိမ်နှင့် နံနက် ၄ နာရီ ၂၅ မိနစ်တွင် ပြင်းအား ၃ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်တစ်ကြိမ်တို့ လှုပ်ခတ်ခဲ့ရာ လတ်တလောသတင်းအချက်အလက်များအရ အဆောက်အအုံများ ကြီးမားစွာပျက်စီးမှုနှင့် လူသေဆုံးမှု မရှိကြောင်း သိရသည်။

တာဝန်ရှိသူများအနေဖြင့် ငလျင်ဆိုင်ရာ အကဲဖြတ်ခြင်းနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ရေးအဖွဲ့များကို ချက်ချင်းစေလွှတ်ခဲ့ပြီး ဓာတ်အားပေးစက်ရုံများ၊ ဆေးရုံများ၊ တံတားများနှင့် ရေကာတာများကဲ့သို့သော အရေးကြီးအခြေခံအဆောက်အအုံများကို စေ့စေ့စပ်စပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

AZH

# ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုထိန်းချုပ်နိုင်ရန် လေကြောင်းအကူအညီပေးသည့်ရဟတ်ယာဉ်တစ်စင်းပျက်ကျကာ ပိုင်းလော့တစ်ဦးသေဆုံး

**အော့တဝါ ဇူလိုင် ၂၁**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ် မြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကိုအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီပေးသည့် ရဟတ်ယာဉ်တစ်စင်း ဇူလိုင် ၂၀ ရက်တွင် ပျက်ကျခဲ့ပြီး ပိုင်းလော့တစ်ဦး သေဆုံးခဲ့ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းကအတည်ပြုခဲ့သည်ဟု Global News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရဟတ်ယာဉ် ပျက်ကျခဲ့သော ဖြစ်စဉ်သည် ပီချ်ရေးဗားဖောရက်စ်ဧရိယာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့ရသည့် အဓိကအကြောင်းရင်းကို စစ်ဆေးနေဆဲဖြစ်ကြောင်း ကနေဒါသယ်ယူပို့ဆောင်မှုဘေးကင်းရေး ဘုတ်အဖွဲ့က ထုတ်ပြန်ခဲ့သည်။

“ပီချ်ရေးဗားဖောရက်စ်ဧရိယာမှာလောင်ကျွမ်းနေတဲ့ တောမီးထိန်းချုပ်ပေးဖို့အတွက်လေကြောင်းအကူအညီပေးနေတဲ့ ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ပါတယ်။ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ပိုင်းလော့တစ်ယောက်အသက်ပေးခဲ့ရတယ်။ ရဟတ်ယာဉ်ပျက်ကျခဲ့တဲ့ဖြစ်စဉ်ကိုတော့ လိုအပ်တဲ့စစ်ဆေးမှုတွေပြုလုပ်နေပါတယ်။ လောလောဆယ်တော့ မတော်တဆဖြစ်စဉ်အဖြစ်နဲ့ပဲ ကနဦးသတ်မှတ်ထားပါတယ်”ဟု ကနေဒါသစ်တောနှင့် ဥယျာဉ်ဝန်ကြီး တော့လိုဝန်က ပြောကြားခဲ့သည်။

ကနေဒါတောမီးလောင်ကျွမ်းမှုသည် မေလနောက်ဆုံးပတ်ကတည်းက စတင်ဖြစ်ပွားနေခြင်းဖြစ်ပြီး တောမီးစတင်လောင်ကျွမ်းခဲ့သည့်ကာလမှ ယနေ့ထိ မီးသတ်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**



# အမေရိကန်နိုင်ငံတွင် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများခွင့်ပြုပေးခဲ့ခြင်းကို ပြန်လည်စဉ်းစားပေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ တောင်းဆို

**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်နိုင်ငံတွင် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများအတွက် ကုမ္ပဏီတချို့ခွင့်ပြုပေးခဲ့ခြင်းအပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူဦးရေ ၁၅၀ ခန့်က ပြန်လည်စဉ်းစားပေးရန် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်ကို တောင်းဆိုခဲ့သည်ဟု US News သတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဟု သမ္မတဂျိုးဘိုင်ဒင်က ရွေးကောက်ပွဲကျင်းပစဉ်ကတည်းက ကတိပေးပြောကြားခဲ့သော်လည်း လက်တွေ့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အဟန့်အတားဖြစ်စေနိုင်သော စီမံကိန်းများဆောင်ရွက်လာခြင်းအပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက စိတ်ပျက်လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် စွမ်းအင်ကဏ္ဍအခက်တွေ့နေသည်ကို ဖြေရှင်းနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ပြန်လည်စဉ်းစားပေးရန်အတွက် သဘာဝအရင်းအမြစ်ကာကွယ်ရေးကောင်စီနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများဖြစ်သည့် Sierra Club၊ Gas Leaks တို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပေးရန်အတွက်လည်း သမ္မတ ဂျိုးဘိုင်ဒင်ထံ တရားဝင် စာရေးသားတောင်းဆိုမှုများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**နိုင်းဆက်**

# တရုတ်နိုင်ငံ ဟာဘေးနယ်မြေတွင် ရေကြီးရေလျှံမှုကာကွယ်ရေး စတင်ဆောင်ရွက်နေ

**ပေကျင်း ဇူလိုင် ၂၁**

တရုတ်နိုင်ငံ ဟာဘေးနယ်မြေတွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး ဟိုင်မြစ်ဝှမ်း၌ မြစ်ရေလျှံတက်မှု ဖြစ်ပွားနေသည့်အတွက် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကာကွယ်ရေးအစီအစဉ်များ စတင်ဆောင်ရွက်နေကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုသည် နေရာတချို့တွင် စတင်ဖြစ်ပေါ်နေသလို လာမည့်ရက်ပိုင်းအတွင်း ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ရဖွယ်ရှိနေသည့် ဧရိယာများမှာ ပေကျင်း၊ တီယန်ကျင်းနှင့် ဟာဘေးနယ်မြေတို့ဖြစ်ပြီး ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များအပြင် ကယ်ဆယ်ရေးဝန်ထမ်းများကိုလည်းစေလွှတ်ကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေသော ဧရိယာများ၌ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ထားကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဟာဘေးနယ်မြေနှင့် ပေကျင်းမြို့တို့တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိနေသလို ဇူလိုင် ၂၃ ရက်တွင် မိုးရေချိန်မှာ ၁၅၀ မီလီမီတာထိ မြင့်တက်လာဖွယ်ရှိနေကြောင်း၊ ယနေ့မှ ဇူလိုင် ၂၃ ရက်အတွင်း မိုးရေချိန်ဆက်တိုက်မြင့်တက်ဖွယ်ရှိနေခြင်းကြောင့် ရေကြီးရေလျှံမှုသည် ထင်ထားသည်ထက် ပိုမိုဆိုးရွားဖွယ်ရှိနေကြောင်း တရုတ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

တရုတ်ရေကြီးရေလျှံမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားပါးမှုပြန်လည်ထူထောင်ရေး အဖွဲ့အစည်းက ဒေသခံများ ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ပေါ့ဆနေမည်ကို စိုးရိမ်သည့်အတွက် ကယ်ဆယ်ရေး ဝန်ထမ်းများကို နေရာအနှံ့ဖြန့်ခွဲစေလွှတ်ကာ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်စေရေးနှင့် ဒေသခံများကလည်း ရေဘေးအန္တရာယ်ဖြစ်ပွားသည့်နေရာများကို ဆက်သွယ်အသိပေးရန် တိုက်တွန်းချက်ထုတ်ပြန်ထားသည်။

သဘာဝအရင်းအမြစ်ဝန်ကြီးဌာနကလည်း ဟိုင်မြစ်ဝှမ်း မြစ်ရေပမာဏမြင့်တက်နေသည့်အတွက် မြစ်ဝှမ်းဖြင့် အနီးကပ်ဆုံးတည်ရှိနေသည့် တီယန်ကျင်းနှင့် ပေကျင်းမြို့မှ ဒေသခံများကို ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ အာဏာပိုင်အဖွဲ့အစည်း၏ သတိပေးချက်ထုတ်ပြန်မှုကို နားစွင့်ထားရန်နှင့် လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ညွှန်ကြားခဲ့သည်။

**နိုင်းဆက်**

0 w Kv d @

# 18KGP

ရွှေစောင်းသံ



(၁)

မိုးကလေးက တစိမ့်စိမ့်။ အရပ်ရှစ်မျက်နှာတွင်လည်း မိုးသားတိမ်လိပ်များဖြင့် အုံ့မှိုင်းလျက်ရှိသည်။ မကြာမီ လေပြင်းတိုက်ခတ်၍ မိုးပါရွာချလာတော့သည်။

“မိုးကလဲ သည်းလိုက်တာရှင် မတိတ်နိုင်တော့ဘူး။ တကတဲ ရွာနေတာ”

ခနိုမိုး ခနိုကာ အိမ်ထဲမှ မတင်နွယ် ပြောလိုက်ခြင်းဖြစ်သည်။

“ဩော်. . . မိန်းမရာ မိုးတွင်းပဲမိုးရွာတာ ဆန်းလား”

အိပ်ရာထဲမှ မတင်နွယ်၏ယောကျ်ား ကျော်ရင်လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ကျော်ရင်သည် လေဖြတ်ပြီးကတည်းက အောက်တစ်ပိုင်း မလှုပ်နိုင်ဘဲ ဇနီးမတင်နွယ်၏ လုပ်စာကို ထိုင်စားနေရသူဖြစ်သည်။

“ဆန်းတယ်ကျော်ရင်ရေ ဆန်းတယ်။ မိုးတိတ်ရင် ရိုးထဲမှာ ကန်စွန်းရွက် သွားခူးရမယ်ရှင့်။ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ကျွန်မတို့ဘဝတွေအတွက်တော့ မိုးရွာရွာ၊ နေပူပူ ဆန်းတယ်ရှင့်”

မိုးစဲသွားသည်နှင့် မတင်နွယ်သည် ဓားမြှောင်ကိုကိုင်ကာ ရွာ၏ရိုးထဲသို့ ကန်စွန်းရွက်ခူးရန် အိမ်မှထွက်ခဲ့တော့သည်။ မိုးရာသီတွင် မိုးရေတို့ကြောင့် ကန်စွန်းရွက်တို့သည် ရေပြင်ပေါ်ဝယ် အညွန့်ဖြာလျက်ရှိသည်။ မတင်နွယ်သည် ကန်စွန်းရွက်များကို လိုသလောက် ဓားဖြင့်ဖြတ်ယူပြီး ပါလာသောပုဆိုးဖြင့် ထုပ်ကာ ခေါင်းပေါ်တင်ရွက်၍ ရိုးထဲမှ တာလမ်းမပေါ်သို့တက်လိုက်သည်။ ညနေစာအတွက် ကန်စွန်းရွက်ရောင်းရန် ဆန္ဒကပြင်းပြနေ၏။ မတင်နွယ် တာလမ်းပေါ်သို့ တက်လိုက်လျှင်ပဲ ဆိုင်ကယ်တစ်စီး အလျင်အမြန်မောင်းသွားသည်ကို သတိထားမိလိုက်၏။မောင်းသွားသူမှာ အမျိုးသမီးဖြစ်ကြောင်း မတင်နွယ် ချက်ချင်းသိလိုက်၏။ ဆိုင်ကယ်မောင်းသော အမျိုးသမီး၏ ဘယ်ဘက်လက်မှ လက်ကောက်နှစ်ကွင်းသည် တောက်ပလျက် အထင်းသားပေါ်နေသည်။

“အင်း ရှိတဲ့သူတွေများ ရှိပြီးရင်းရှိ ဝိမ်ကျလိုက်တာ လက်ကောက်တွေကလဲ ဝင်းလို့ လုချင်စရာကြီး”

စိတ်ထဲတွင် တွေးနေသော မတင်နွယ်။ မိုးသားများက ပို၍မှောင်လာလေ၏။ မတင်နွယ်သည် ပတ်ဝန်းကျင်ကို အကဲခတ်တော့ လူအရိပ်အရောင်ကို မမြင်ရပေ။ အမှောင်ထုသာ အုပ်စိုးလျက်ရှိပေသည်။

(၂)

ဆိုင်ကယ်သံကို မတင်နွယ်ကြားလိုက်၏။ ဆိုင်ကယ်စီးလာသော အမျိုးသမီးသည် မတင်နွယ် အနားသို့ရောက်တော့ ဆိုင်ကယ်ကို ရပ်လိုက်၏။ မတင်နွယ်ကို စိတ်ဆိုးသော အမူအရာဖြင့်ကြည့်လိုက်သည်။

“ဩော်. . . ဘယ်သူများလဲလို့ မမဒွေးကြည်ပဲ။ လူတွေတောင်မှားတယ် လုလာလိုက်တာ”

မတင်နွယ်သည် မဒွေးကြည်ကို စကားစတင်ပြောလိုက်၏။

“ဘယ်က ပြန်လာတာတုံး မမဒွေးကြည်”

“ဘယ်ကမှ ပြန်လာတာမဟုတ်ဘူး တင်နွယ်။ နင်တို့အိမ်ကိုပဲသွားတာ။ ကျော်ရင်နဲ့ပဲ တွေ့ခဲ့တယ်။ ကဲပြောပါအုံး။ ငါ့ပိုက်ဆံ ဘယ်တော့ပေးမှာတုံး။ နင်တို့ဆိုတာလဲ ဟိုရွှေ့ဒီရွှေ့နဲ့ ငါ့ပိုက်ဆံက ဖျာပေါ်က ဥ ဟဲ့ ဖွဟဲ့ဆိုပြီး ရလာတာမဟုတ်ဘူး”

“ပေးမှာပါ မမဒွေးကြည်ရယ်။ ဒီလကုန်ထိတော့ စောင့်ပေးပါနော် ဆက်ဆက်ပေးပါ့မယ်”

“မစောင့်နိုင်ဘူး တင်နွယ်။ ဒီတစ်ပတ် အတိုးကော၊ အရင်းကောပေးပါ။ မပေးရင်တော့ ငါ့အဆိုးမဆိုနဲ့။ သက်ဆိုင်ရာက တောင်းရလိမ့်မယ်”

“မလုပ်ပါနဲ့ မမဒွေးကြည်ရယ်။ တကယ်အဆင်မပြေလို့ပါ”

မတင်နွယ်၏မျက်ဝန်းမှ မျက်ရည်များပင်ကျလာတော့သည်။

“မမဒွေးကြည်တို့က ရွှေငွေ ဝတ်နိုင်စားနိုင်တယ်။ ကျွန်မတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာပါ။ သနားပါ မမဒွေးကြည်ရယ်”

“မသနားနိုင်ဘူး တင်နွယ်။ သနားနေရင် ငါငွေတိုးချေးမစားဘူး။ အလှူလိုက်လုပ်နေမှာပေါ့။ ငါပြောတဲ့အတိုင်း ဒီတစ်ပတ်အတိုးကော၊ အရင်းကောပေးပါ ဒါပဲ”

အရပ်ရှစ်မျက်နှာလုံး မှောင်မည်းလာပြီး မိုးများဝေါခနဲရွာချလာတော့သည်။ မတင်နွယ်သည် သုတ်သီးသုတ်ပျာ အိမ်ကိုမြန်မြန်ပြန်ခဲ့၏။ အိမ်ကို ရောက်ရောက်ချင်း ကျော်ရင်က စကားလှမ်းပြောလိုက်သည်။

“မိန်းမရေ ဒွေးကြည်လာသွားတယ်။ အကြွေးတောင်းပေါ့။ ငါလဲ ပိုက်ဆံမရှိသေးလို့ ခဏဆိုင်းပါလို့ပြောလိုက်တယ်။ လမ်းမှာဒွေးကြည်နဲ့ တွေ့သေးလား”

“မတွေ့ပါဘူးတော် မတွေ့ဘူး”

မတင်နွယ်သည် ပြောပြောဆိုဆို အိမ်ထဲသို့ဝင်သွားတော့၏။

(၃)

ရွာထဲတွင် ရဲသားများ ခြေရှုပ်နေ၏။ ရွာသားများ၏ ပါးစပ်ဖျား၌လည်း မဒွေးကြည် အသတ်ခံရပုံနှင့် အလောင်းနှင့်ဆိုင်ကယ်ကို ရိုးထဲတွင် တွေ့ရှိကြောင်း တစ်ယောက်တစ်ပေါက် ပြောကြသည်။

“သနားပါတယ်ဟယ် ဓားနဲ့ထိုးသတ်တာတဲ့။ ဘာအပြီးတွေလဲ မသိဘူး။ ပစ္စည်းလိုချင်လို့ သတ်တာမဟုတ်ဘူးတဲ့။ ဆိုင်ကယ်လဲ ယူမသွားဘူး။ တရားခံမြန်မြန်မိပါစေ”

ရွာထဲတွင် မဒွေးကြည် အသတ်ခံရမှုသည် ဟိုးလေးတကျော် ဖြစ်နေတော့သည်။ ညဘက်ရောက်တိုင်း မတင်နွယ် အလုပ်တစ်ခုပိုလာသည်။ ပန်းခက်ပုံလက်ကောက်နှစ်ကွင်းကို ထုတ်ကြည့်လိုက်၊ လက်ဖြင့်ပွတ်လိုက်၊ ရေးဆေးလိုက် အလုပ်ရှုပ်နေသည်။ လက်ကောက်ကို အသေအချာကြည့်သည်။ လက်ကောက်နှစ်ကွင်း၏ အတွင်းဘက်တွင် 18 KGP စာတန်းတံဆိပ်လေးက အထင်းသားပေါ်နေသည်။

“အင်း လက်ကောက်နှစ်ကွင်းကို ရောင်းလိုက်ရင်တော့ ငါနဲ့ကျော်ရင် အေးအေးဆေးဆေး နေလို့ရပြီ။ ကျော်ရင်ကို ဆေးကုလို့ရမယ်။ ပိုတာလေး ဈေးအရင်းအနှီးလုပ်ရမယ်”

မတင်နွယ်သည် မိမိအတွေးဖြင့် ပျော်နေသည်။ နောက်တစ်လ၊ နှစ်လလောက်မှ မြို့ပေါ်တက်၍ လက်ကောက်ရောင်းရန် ဆုံးဖြတ်လိုက်သည်။

(၄)

မတင်နွယ်သည် ရွှေလက်ကောက်နှစ်ကွင်းကို အရိပ်တကြည့်ကြည့် ကြည့်နေတတ်သည်။ ရွှေစစ်မစစ် သံလိုက်ဖြင့်စမ်းသည်။ လက်ကောက်နှစ်ကွင်းစလုံး ပူးကပ်မနေ။ ရှာလကာရည်နှင့် စိမ်ပြန်သည်။ လက်ကောက်နှစ်ကွင်းလုံး အရောင်ကမပြယ်။

“အမယ်လေး. . . တော်ပါသေးရဲ့ ရွှေအစစ်ပဲ။ အခုမှသက်ပြင်းချနိုင်တယ်”

ခဏကြာ လက်ကောက်နှစ်ကွင်းကို ကိုင်ကြည့်ပြီး တွေးနေပြန်၏။

“အင်း သူက သူဒွေးပဲ။ အတုတွေတော့ မဝတ်လောက်ပါဘူး။ ငါ စမ်းသပ်တာလဲ စုံသလောက် ရှိနေပြီ။ ရွှေရောင်ကလဲမကျ၊ တံဆိပ်ကလဲ ပါပြီးသား။ တော်ပြီဟာ မတွေးတော့ဘူး။ ရင်တွေ ပူလိုက်တာ”

မတင်နွယ်ခေါင်းထဲ လက်ကောက်နှစ်ကွင်းမှတစ်ပါး ဘာအကြောင်းအရာမှ မရှိတော့ပေ။ အရင်လိုယောကျ်ားကိုလည်း တီတီတာတာ စကားများမပြောတော့ပေ။ မတင်နွယ်သည် သနပ်ခါးကို ပါးတွင်အပြည့်လိမ်းပြီး မြို့တက်ရန် ပြင်ဆင်လိုက်၏။ ပန်းလက်ကောက်နှစ်ကွင်းကို လက်ကိုင်ပဝါဖြင့် အသေအချာထုပ်ထားသည်။ ပြီးလျှင် အတွင်းခံထဲသို့ သေချာထည့်သည်။ ကိုကျော်ရင် စားရန် ထမင်းဟင်းများကို အပြည့်အစုံချက်ထားခဲ့ပြီး မြို့ပေါ်သို့ တက်ရန် အိမ်မှစတင်ထွက်ခွာတော့သည်။

“တင်နွယ် ဘယ်လဲဟ။ လက်ထဲမှာလဲအထုပ်ကြီးနဲ့”

“ကိုကျော်ရင်အတွက်ဆေးဝယ်ဖို့ မြို့ကိုသွားမလို့”

“အေး အေး ဂရုစိုက်သွားနော်”

တစ်ရွာတည်းနေ အသိတစ်ယောက်က မတင်နွယ်ကို နှုတ်ဆက်စကားဆိုခြင်းဖြစ်၏။ မတင်နွယ် မြို့ပေါ်သို့ ရောက်သောအချိန်သည် မွန်းတည့် ၁၂ နာရီခန့်ဖြစ်သည်။ ရွှေဆိုင်ထဲသို့ဝင်ခါနီးတွင် ဘေးပတ်ဝန်းကျင်ကို မတင်နွယ် အသေအချာကြည့်သည်။ ဆိုင်ထဲကိုလည်း ကြည့်သည်။ မိမိရင်းနှီးသောသူများနှင့်တွေ့မည်ကို စိုးရိမ်သောကြောင့်ဖြစ်၏။ ရွှေဆိုင်ထဲတွင် အလုပ်သမားများနှင့် ရှုပ်ယှက်ခတ်နေသည်။ ရွှေဆိုင်၏ကောင်တာတွင် ရုပ်ရည်သန့်သန့် လူငယ်တစ်ယောက်ရှိ၏။ မတင်နွယ်သည် ကောင်တာသို့သွား၍ မိမိတွင်ပါသော ပန်းလက်ကောက်ကို ထိုလူငယ်ထံ ရောင်းရန်ပေးလိုက်၏။ ထိုလူငယ်သည် ပန်းလက်ကောက်ကို သေချာကြည့်၏။

“ရွှေလုပ်တဲ့ ဘောင်ချာပါလား အစ်မ”

မတင်နွယ်သည် ခေါင်းကို ခါလိုက်၏။ ထို့နောက် လူငယ်လေးသည် ပန်းထိမ်ဆရာကို ခေါ်လိုက်သည်။ မကြာမီ ပန်းထိမ်ဆရာ ရောက်လာသည်။ ပန်းထိမ်ဆရာသည် လူငယ်ပေးသော လက်ကောက်ကို ဘယ်ပြန်ညာပြန်ကြည့်၏။ လက်ကောက်၏ အတွင်းဘက်တွင် 18 KGP စာတန်းကို တွေ့သွားလေ၏။ ပြီးလျှင် ပိုင်ရှင်ဖြစ်သော မတင်နွယ်ဘက်သို့လှည့်၍ စကားစပြောလိုက်သည်။

“အစ်မ စိတ်တော့မရှိလိုက်နဲ့နော်။ အစ်မလက်ကောက်က သာမန်ကြည့်ရင်သာ အစစ်လို့ထင်ရပေမဲ့ အတုကြီးဗျ”

ပန်းထိမ်ဆရာ၏ အပြောစကားကြောင့် မတင်နွယ်မျက်စိမျက်နှာပျက်သွားသည်။ ထို့နောက် စကားပြောရန် ဟန်ပြင်လိုက်သည်။

“ဆရာရယ် သေချာကြည့်ပါအုံး။ တံဆိပ်တောင်ပါတယ်18 KGP တဲ့။ ကျွန်မ ရွှေစစ်မစစ် သေချာစစ်ပြီးပါပြီ ဆရာ။ သေချာ ပြန်ကြည့်ပေးပါအုံး”

မတင်နွယ်၏မျက်ဝန်းဆီမှ မျက်ရည်များပင်ကျလာတော့သည်။

“အစ်မရယ် ဘယ်လိုပြောရမှန်းတောင် မသိဘူး။ အစ်မလက်ကောက်က စစ်ရာ မလိုလောက်အောင် 18 KGP က ဖော်ပြနေတာပဲအစ်မ။ Kက (ကာရက်) ရွှေအရည်အသွေးကို ဖော်ပြပြီး GP က (Gold Plated) ရွှေရောင်တင်ထားတယ်လို့ဆိုလိုတယ် အစ်မ။ အခုခေတ်မှာ လူတွေတော်တော်များများ ဝတ်ကြတယ်။ ရွှေအတုပေါ့ အစ်မရာ”

မတင်နွယ်သည် ပန်းထိမ်ဆရာ၏စကားများကို နားထောင်ပြီးနောက် ခေါင်းငိုက်စိုက်ကျသွားသည်။ လူငယ်လေးက-

“အစ်မရယ် သတိထားပါအုံး။ ဒီမှာ အစ်မ ပန်းလက်ကောက် နှစ်ကွင်း”

မတင်နွယ်သည် လူငယ်လေးပေးသော ပန်းလက်ကောက်နှစ်ကွင်းကို လက်ကိုင်ပဝါထဲ ထည့်ပြီး ရွှေဆိုင်အတွင်းမှ ထွက်လာလေတော့၏။

(၅)

မတင်နွယ်သည် မြို့ပေါ်တက်ပြီးကတည်းက ထမင်းကောင်းကောင်းမစားတာ တော်တော်ကြာပြီဖြစ်သည်။ လူလည်းပိန်လာသည်။ ရွာသားများ၏ ကောင်းမှုကြောင့်သာ ကျော်ရင် ထမင်းပုံမှန်စားရသည်။ တစ်ခါတစ်ခါ မတင်နွယ်သည် ပန်းလက်ကောက်နှစ်ကွင်းကို ရေဆေး၏။ အဝတ်ဖြင့်တိုက်၏။ 18 KGP တံဆိပ်က မတင်နွယ်ကို လှောင်သကဲ့သို့ပေါ်ပေါ်လာ၏။ ရွာသားများက ဆေးဆရာများကိုခေါ်၍ကုသော်လည်း ရောဂါ၏အမည်ကို ဖော်မရပေ။

“မိန်းမ မိန်းမရယ် သတိထားပါအုံး”

ကျော်ရင်သည် မတင်နွယ်ကိုဖက်ထားသည်။မတင်နွယ်သည် ကျော်ရင်ကို စကားပြောရန် အားယူလိုက်၏။

“ကျော်ရင် ငါ့ ငါ့ကို ခွင့်လွှတ်ပါနော်”

မတင်နွယ်သည် အဆုံးအစမရှိသောစကားကို ပြောပြီး ဘဝနေဝင်သွားလေတော့၏။ မတင်နွယ် ကွယ်လွန်သွားပြီဖြစ်သည်။ ကွယ်လွန်သွားသော်လည်း သူ၏အသက်မဲ့ခန္ဓာကိုယ်မှ လက်နှစ်ဖက်က ပန်းလက်ကောက်နှစ်ကွင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မည်သို့ပင် မတင်နွယ် ပန်းလက်ကောက်ကို ဆုပ်ထားဆုပ်ထား 18 KGP တံဆိပ်စာတန်းလေးက အထင်းသားပေါ်လျက်ရှိနေတော့၏။

# ယခုနှစ် ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ငါးသန်းကျော်တန်ဖိုးရှိ နို့ဆီနှင့် နို့မှုန့်တန်ချိန် ၂၅၀၀ ကျော် တင်သွင်းခဲ့



**နေပြည်တော် ဇူလိုင် ၂၁**

ပြည်တွင်းလိုအပ်ချက်အရ ပြည်ပမှ ယခုနှစ် ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ငါးသန်းကျော်တန်ဖိုးရှိ နို့ဆီနှင့်နို့မှုန့်တန်ချိန် ၂၅၀၀ ကျော် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသတင်းများအရ သိရသည်။

လက်ရှိမြန်မာနိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုများ ရှိနေသော်လည်း ပြည်တွင်းလိုအပ်ချက်အရ နှစ်စဉ်ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်းများကို မှာယူတင်သွင်းနေရဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၅၄ သန်းတန်ဖိုးရှိ နို့ဆီနှင့်နို့မှုန့်တန်ချိန် ၂၅၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

ထိုသို့တင်သွင်းရာတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၉ သန်းတန်ဖိုးရှိ နို့ဆီတန်ချိန် ၁၅၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၀၅ သန်းတန်ဖိုးရှိ နို့မှုန့်တန်ချိန် ၁၀၀၀ ကျော်ကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇွန်လအတွင်း နို့ဆီတင်သွင်းခဲ့ရာတွင် စင်ကာပူနိုင်ငံမှ နို့ဆီတန်ချိန် ၁၃၀၀ ကျော်၊ မလေးရှားနိုင်ငံမှ နို့ဆီတန်ချိန် ၂၀၀ ကျော် တင်သွင်းခဲ့ပြီး နို့မှုန့်များကို လစ်သူရေးနီးယားနိုင်ငံမှ နို့မှုန့်တန်ချိန် ၃၀၀ ခန့်၊ နယူးဇီလန်နိုင်ငံမှ နို့မှုန့်တန်ချိန် ၆၃၀ ကျော်၊ အမေရိကန်နိုင်ငံမှ နို့မှုန့်တန်ချိန် ၅၀ ကျော်နှင့် ယူကရိန်းနိုင်ငံမှ နို့မှုန့်တန်ချိန် ၂၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ နို့နှင့်နို့မှုန့်ပစ္စည်းများကို ပြည်ပမှ လစဉ်တင်သွင်းနေရသဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းတွင် နို့နှင့်နို့ထွက်ပစ္စည်းများ တိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံနို့ထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နို့စားနွားမျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူနိုင်ရေး မျိုးရိုးဗီဇအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ နယူးဇီလန်နိုင်ငံနှင့်ပူးပေါင်းကာ နို့စားနွားတိုးချဲ့မွေးမြူရေး ငါးနှစ်စီမံကိန်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် နို့စားနွားကောင်ရေ သုံးသိန်းခန့်ထိ မွေးမြူနိုင်ခဲ့သဖြင့် တစ်နှစ်လျှင် နွားနို့တန်ချိန် ရှစ်သိန်းခန့်ထိ ထွက်ရှိလာခဲ့ကြောင်း သိရသည်။

SKL

# မိုးနဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအလှပြင်သင်တန်းဆင်း

**မိုးနဲ ဇူလိုင် ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအလှပြင်သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးငိုပွယ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ သင်တန်းများပို့ချပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းကပို့ချသောပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည် အသုံးချစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မိုးနဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက သင်တန်းကာလ ပြီးမြောက်အောင် တက်ရောက်ခဲ့ကြသော သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မိုးနဲမြို့နယ်ရှိ ကျေးရွာကိုးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက မျက်နှာပေါင်းတင်နည်းအမျိုးမျိုး၊ အောက်ခံမိတ်ကပ်လိမ်းနည်း၊ ပေါင်ဒါမျိုးစုံအသုံးပြုနည်း၊ ကာလာစုံခြယ်နည်းအမျိုးမျိုးနှင့် ဆံပင်ပုံစံအလှပြုပြင်နည်းအမျိုးမျိုး စသည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဇူလိုင် ၅ ရက်မှ ဇူလိုင် ၂၀ ရက်ထိ ၁၆ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ပြောပြ၍ သိရသည်။

**သံသာ**



# ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဓနုဖြူ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိုးကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများက ရိုးကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လမ်းရေရှည် အသုံးပြုနိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ရိုးကြီးကျေးရွာ၌ အရှည် ၆၅ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၈၉ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရိုးကြီးကျေးရွာမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**

## တောရွာက ကျောင်းဆရာ

\- ကလေးတွေ ပညာရေး
အစဉ်တွေးတဲ့ ကျောင်းဆရာ၊
တောနယ်မြေ အရောက်ဖြန့်
ခြေဆန့်လို့လာ၊
ကျောင်းကလေး သာသာယာ
စေတနာ ရှေ့ကိုထား၊
ပင်ပန်းခံ ပညာအကျိုးကို
နိုးကြားလှုပ်ရှား။

\- အခြေခံ ပညာရေး
တိုးတက်မနှေး ကောင်းဖို့ရန်၊
အသိကို ပွဲ့ထိန်းမောင်း
ကျောင်းတက်ချိန်မှန်၊
တာဝန်ရှိ တာဝန်ခံ
ရှေ့သို့ကြံ ရွက်ထမ်း၊
နာသုံးနာ မေတ္တာပျိုးလို့
ကြိုးပမ်းလို့လှမ်း။

\- ကလေးတွေ အနာဂတ်
မှတ်ကျောက်မြတ် တင်စေချင်၊
ဆုံးမကာ စာသင်ပြ
အေးမြဘဝင်၊
နှလုံးသား ဖြူဖြူစင်
မငြိုငြင် သင်ကြား၊
အခြေခံ စာသင်ကျောင်းမှာ
ပေါင်းစုသောအား။ ။

**ဖြိုးထက်(ရေစကြို)**

# မြဝတီမြို့နယ် ထီးလောသေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇူလိုင် ၂၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ထီးဝါပလောကျေးရွာအုပ်စု ထီးလောသေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထီးလောသေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ထီးလောသေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၄၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဘိုဘို**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# အလယ်အာရှဒေသတွင် ယှဉ်ပြိုင်မှုမြင့်တက်လာသော တရုတ်နှင့် ဥရောပ

ယူကရိန်းအရေးဖြစ်ပွားလာပြီးနောက်ပိုင်း ယူရေးရှားဒေသပထဝီနိုင်ငံရေးသည် မကြုံစဖူးပြောင်းလဲမှုဖြစ်ပေါ်လာခဲ့ပြီး အလယ်အာရှဒေသသည် မဟာဗျူဟာမြောက်အပြောင်းအလဲအတွက် စမ်းသပ်ရေးကွင်းတစ်ခုဖြစ်လာခဲ့သည်။ ပြင်ပအင်အားကြီးနိုင်ငံများသည် ဒေသတွင်း၌ လွှမ်းမိုးချုပ်ကိုင်နိုင်ရေး ကြိုးပမ်းလာလျက်ရှိပြီး ဥရောပသမဂ္ဂ(EU) အနေဖြင့်လည်း ၎င်းတို့အနက်မှ တစ်ခုပင်ဖြစ်သည်။ အလယ်အာရှဒေသသည် တရုတ်နှင့် အနောက်အုပ်စုတို့ကြား တိုက်ပွဲနယ်မြေဖြစ်လာနိုင်သလား၊ အထူးသဖြင့် ပေကျင်းနှင့် EU တို့ကြား ပထဝီနိုင်ငံရေးဆိုင်ရာ ယှဉ်ပြိုင်မှုနေရာဖြစ်လာနိုင်သလားဆိုသောမေးခွန်းများလည်း ထွက်ပေါ်လာလျက်ရှိသည်။

**အလယ်အာရှဒေသ၏လွှမ်းမြုပေါင်းစပ်မှု**

အလယ်အာရှဒေသတွင် တရုတ်-ဥရောပဆက်ဆံရေးသည် ဒေသတွင်းသိမ်မွေ့နက်နဲမှုကို ပိုမိုရှုပ်ထွေးလာစေနိုင်သည်။ ယူကရိန်းအရေးဖြစ်ပွားလျက်ရှိသဖြင့် အလယ်အာရှဒေသတွင် ရုရှား၏ပုံရိပ်ကျဆင်းလျက်ရှိသော်လည်း မော်စကိုအနေဖြင့် ဒေသတွင်းမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်ဟု ယူဆမည်ဆိုလျှင် မှားယွင်းမှုသာဖြစ်ပေသည်။ ရုရှားသည် အလယ်အာရှဒေသတွင် လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာအရေးပါသူအဖြစ် ဆက်လက်တည်ရှိနေပြီး လိုအပ်သလို စိတ်ကြိုက်လုပ်ဆောင်နိုင်သည့်အရှိန်အဝါများစွာရှိနေသည်။ မော်စကိုနှင့် အလယ်အာရှဒေသ၏ ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ရုရှား၏ လုပ်သားဈေးကွက်သည် အလယ်အာရှနိုင်ငံများမှ အလုပ်သမားသန်းပေါင်းများစွာကို အလုပ်အကိုင်ဖန်တီးပေးထားနိုင်သည်။ ရုရှားတွင် အလုပ်လုပ်နေသော အလုပ်သမားများက နေရင်းနိုင်ငံများသို့ လုပ်ခလစာလွှဲပြောင်းပေးပို့မှုသည် တာဂျစ်ကစ္စတန်နှင့် ကာဂျစ်စတန်တို့တွင် တိုင်းပြည် GDP ၏ ၃၀ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

ကာဇက်စတန်၊ ကာဂျစ်စတန်နှင့် တာဂျစ်စတန်တို့သည် ရုရှားစစ်အခြေစိုက်စခန်းများနှင့် စစ်လက်နက်ပစ္စည်းများကို လက်ခံထားရှိရပြီး ရုရှားဦးဆောင်သော စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ (CSTO) ၏ တစ်စိတ်တစ်ဒေသအနေဖြင့် မော်စကို၏ လုံခြုံရေးထီးရိပ်အောက်တွင် ခိုလှုံရလျက်ရှိသည်။ စင်စစ်အားဖြင့် ကာဇက်စတန်အစိုးရသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းဖြစ်ပွားခဲ့သော ဆူပူအုံကြွမှုကိုတုံ့ပြန်နှိမ်နင်းနိုင်ရေးအတွက် CSTO ၏ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များအား အကူအညီတောင်းခံခဲ့ရသည်။ ထို့ပြင် အလယ်အာရှငါးနိုင်ငံမှ ခေါင်းဆောင်များသည် မေ ၉ ရက်တွင်ပြုလုပ်သည့် Victory Day တက်ရောက်ရန် မော်စကိုသို့ သွားရောက်ခဲ့မှုကို ကြည့်ခြင်းအားဖြင့် ရုရှားနိုင်ငံ၏လွှမ်းမိုးမှုမှာ ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းအရေးကို အာရုံစိုက်နေရချိန်တွင် တရုတ်နိုင်ငံသည် အလယ်အာရှဒေသသို့ ပိုမိုချဉ်းနင်းဝင်ရောက်လာသော်လည်း မော်စကို၏နေရာကိုမူ လုယူခြင်းမရှိပေ။ တရုတ်နှင့်ရုရှားတို့သည် ကန့်သတ်ချက်မရှိသောမိတ်ဖက်ဆက်ဆံရေးဖြစ်ကြောင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ တရုတ်နှင့်ရုရှားတို့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) တိုးချဲ့ရာတွင် အဓိကဒေါက်တိုင်များဖြစ်ပြီး SCO သည် ယူရေးရှားဒေသတစ်ဝန်းတွင် လွှမ်းမိုးဆောင်ရွက်လျက်ရှိသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) သည် အလယ်အာရှဒေသတွင် တရုတ်၏ အဓိကကျသော ဇာတ်လမ်းပုံပြင်ပင်ဖြစ်ပြီး ဒေသတွင်း၌ တရုတ်ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သော စီမံကိန်းများစွာ ဖော်ဆောင်လျက်ရှိသည်။ တရုတ်-ကာဂျစ်စတန်-ဥဇဘက်ကစ္စတန်ရထားလမ်းနှင့် အလယ်အာရှ- တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများသည် ဒေသတွင်း၌ BRI စီမံကိန်းများ သက်ဝင်လှုပ်ရှားနေကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် တရုတ်၏ အကြီးစားစီမံကိန်းများနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာများရှိနေသော်လည်း အလယ်အာရှဒေသတွင်းမှ BRI စီမံကိန်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ မေ ၁၈ ရက်နှင့် ၁၉ ရက်တွင် ရှီအန်မြို့၌ပြုလုပ်ခဲ့သော ထိပ်သီးဆွေးနွေးပွဲသည် အလယ်အာရှဒေသတွင် တရုတ်၏လွှမ်းမိုးမှုကြီးထွားလျက်ရှိကြောင်းကို ပြသလျက်ရှိသည်။



အလယ်အာရှဒေသနှင့် တရုတ်၏ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ကျော်ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း အလယ်အာရှဒေသတွင် တရုတ်၏ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရှိခဲ့သည်။ သို့သော် ၎င်းပမာဏသည် FDI တိုက်ရိုက်စီးဝင်ခြင်း သို့တည်းမဟုတ် တရုတ်၏ချေးငွေများနှင့် ကန်ထရိုက်စာချုပ်များအပေါ် အခြေခံသည့် စီမံကိန်းများတည်ဆောက်မှုအတွက် ကုန်ကျစရိတ်များဖြစ်သလားဆိုသောအချက်မှာမူ ကွဲကွဲပြားပြားမသိရှိရပေ။ တရုတ်နှင့် အလယ်အာရှအစိုးရများကြား ဗီဇာပြုလုပ်ရန်မလိုဘဲ လွတ်လပ်စွာခရီးသွားလာခွင့်ပြုထားခြင်းအားဖြင့် စီးပွားရေးဆိုင်ရာထိတွေ့ဆက်ဆံမှုများသည် သိသိသာသာအဆင်ပြေချောမွေ့လာလျက်ရှိသည်။

ပေကျင်းသည် ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေစဉ်မှာပင် အလယ်အာရှနိုင်ငံများမှ တပ်မတော်များ၊ စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် တာဂျစ်စတန်တွင် ပေကျင်း၏ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကိုစောင့်ရှောက်ရန် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများဖြန့်ကြက်ထားရှိပြီး တရုတ်ပြည်သူ့ရဲတပ်ဖွဲ့သည် အာဖဂန်နစ္စတန်နှင့် တာဂျစ်ကစ္စတန်နယ်စပ်တစ်လျှောက်တွင်လည်း ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။

ထို့ကြောင့် အလယ်အာရှနိုင်ငံများက တရုတ်နိုင်ငံကို နိုင်ငံရေးဆိုင်ရာအင်အားကြီးမားသူ၊ စီးပွားရေးနှင့် နိုင်ငံရေးအရမရှိမဖြစ်လိုအပ်သူအဖြစ် ရှုမြင်ထားရှိသည်။ တိတိကျကျဆိုရလျှင် အလယ်အာရှနိုင်ငံများသည် ကုလသမဂ္ဂဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံကို အမြဲတစေထောက်ခံလျက်ရှိသည့်အပြင် ပေကျင်းနှင့် ထိပ်တိုက်ရင်ဆိုင်မှုမဖြစ်ပွားစေရန်အတွက်လည်း အထူးသတိထားရှောင်ရှားလျက်ရှိသည်။ အလားတူ ပေကျင်း၏ နိုင်ငံရေးနှင့်စီးပွားရေးလုပ်ငန်းများမှာလည်း အလယ်အာရှဒေသ၌ အောင်မြင်မှုရရှိလျက်ရှိသည်။

တူရကီနိုင်ငံအနေဖြင့်လည်း အလားတူ အလယ်အာရှနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုရှိနေသည်။ တူရကီနိုင်ငံသည် အလယ်အာရှငါးနိုင်ငံအနက် လေးနိုင်ငံနှင့် ယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကို ထိန်းသိမ်းထားသည့်အပြင် တူရကီကုမ္ပဏီများစွာမှာလည်း အဆိုပါဒေသ၌ ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လျက်ရှိသည်။ အလယ်အာရှမှသည် ကက်စပီယံပင်လယ်နှင့် တူရကီနိုင်ငံထိ ချိတ်ဆက်ဖောက်လုပ်ထားသော အလယ်စင်္ကြံလမ်း၏ထူးခြားချက်မှာ ကာဇက်စတန်နှင့် ရုရှားနိုင်ငံကိုဖြတ်သန်း၍ ရထားဖြင့် ကုန်စည်များပို့ဆောင်ရာတွင် စည်းကြပ်ခွန်ကုန်ကျမှုသက်သာသောကြောင့် ယူကရိန်းစစ်ပွဲကာလအတွင်း ပိုမိုအရေးပါလာလျက်ရှိသည်။

**အလယ်အာရှဒေသတွင် ဥရောပ၏ခိုးမိုးမှု**

EU သည် ၎င်း၏စီးပွားရေးအရ ဩဇာညောင်းမှုကို အဓိကကုန်သွယ်မှုမိတ်ဖက်အဖြစ် ရပ်တည်နိုင်သောကြောင့် အလယ်အာရှဒေသတွင် သိသာထင်ရှားသောအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်း EU နှင့် အလယ်အာရှကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံကျော်ရှိခဲ့သည်။ ထို့ပြင် EU နှင့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ စုပေါင်းရင်းနှီးမြှုပ်နှံမှုသည် ဒေသတွင်း၌ အကြီးမားဆုံးသောရင်းနှီးမြှုပ်နှံမှုအရင်းအမြစ်များပင်ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း အလယ်အာရှသို့ FDI ဝင်ရောက်မှုတွင် EU မှ ၄၂ ရာခိုင်နှုန်း၊ အမေရိကန်မှ ၁၄ ဒသမ ၂ ရာခိုင်နှုန်း၊ ရုရှားမှ ၆ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ သုံးရာခိုင်နှုန်း အသီးသီးရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် EU သည် အလယ်အာရှနှင့် ဥရောပကြားချိတ်ဆက်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာထွက်ပေါက်စီမံကိန်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အလယ်အာရှနိုင်ငံများသည် အာဏာတည်ဆောက်နိုင်ရေးအတွက် ရုရှားနှင့် တရုတ်တို့အပြင် အခြားသောနိုင်ငံများနှင့်လည်း ဆက်ဆံရေးတိုးချဲ့သွားရန် ဆန္ဒရှိနေကြသည်။ EU သည် ၎င်းတို့အတွက် ရွေးချယ်စရာအခွင့်အလမ်းပင်ဖြစ်သည်။ ယူကရိန်းအရေးကြောင့် EU သည် အလယ်အာရှဒေသတွင် ပိုမိုတက်ကြွစွာလှုပ်ရှားဆောင်ရွက်ရန် အခွင့်အလမ်းပိုမိုရရှိလာခဲ့သည်။ အထူးသဖြင့် လွန်ခဲ့သောနှစ်အတွင်း EU မှ အဆင့်မြင့်အရာရှိကြီးများသည် အလယ်အာရှသို့ မကြာခဏလာရောက်လည်ပတ်မှုများရှိခဲ့သည်။ EU သည် အလယ်အာရှဒေသတွင် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများနှင့် လူနေမှုပုံစံများဖြင့် ထိုးဖောက်ခြင်းအားဖြင့် ဆော့ဖ်ပါဝါလွှမ်းမိုးမှုများရှိလာသည်။ တရုတ်နိုင်ငံအနေဖြင့် အလယ်အာရှဒေသမှ ကျောင်းသားများကို ပညာသင်ဆုများထောက်ပံ့ချီးမြှင့်ထားသော်လည်း ထိုဒေသမှ လူငယ်များသည် အနောက်တိုင်းပုံစံကိုသာ အဓိကထားရွေးချယ်လေ့ရှိကြသည်။

**အလယ်အာရှဒေသတွင် တရုတ်-EU ဆက်ဆံရေးအလားအလာ**

EU အနေဖြင့်လည်း တရုတ်နိုင်ငံကဲ့သို့ပင် ဒေသတွင်း၌ အဓိကစီးပွားရေးမိတ်ဖက်အဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။ EU သည် အလယ်အာရှဒေသတွင် လုံခြုံရေးအာမခံချက်ကို အလေးမထားနိုင်သော်လည်း ဒေသတွင်းစီးပွားရေးလုံခြုံမှုတွင်မူ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အမှန်တော့ ဥရောပနိုင်ငံများအနေဖြင့် အလယ်အာရှဒေသတွင် တရုတ်နိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်သွားလိုသောဆန္ဒမရှိကြောင်း တွေ့ရှိရသည်။ ရှင်ကျန်းပြည်နယ်၊ ဥဂါများအရေးနှင့် တရုတ်(တိုင်ပေ)အရေးတို့တွင် သဘောထားကွဲလွဲမှုများရှိနေသော်လည်း လက်ရှိအချိန်တွင် အဆိုပါပြဿနာများကြောင့် အလယ်အာရှဒေသ၌ EU-တရုတ်ဆက်ဆံရေးအပေါ် ထိခိုက်မှုမဖြစ်လိုကြပေ။

တရုတ်- EU စီးပွားရေးဆိုင်ရာယှဉ်ပြိုင်မှုများသည် သဘာဝအရင်းအမြစ်နှင့် နည်းပညာလွှဲပြောင်းမှုအပါအဝင် ကဏ္ဍအတော်များများတွင် တွေ့ရှိရမည်ဟု မျှော်မှန်းရပေသည်။ ဥရောပနိုင်ငံများသည် အလယ်အာရှဒေသသို့ စက်မှုနည်းပညာလွှဲပြောင်းပေးရန် ဆန္ဒရှိနေချိန်တွင် တရုတ်နိုင်ငံသည် အဆိုပါနယ်ပယ်များနှင့်စပ်လျဉ်း၍ လွှဲပြောင်းပေးအပ်ပြီးသွားပြီဖြစ်သည်။ ကာဇက်စတန်နိုင်ငံတွင် တရုတ်နိုင်ငံ စက်မှုလုပ်ငန်းဆိုင်ရာလွှဲပြောင်းပေးမှုအစီအစဉ် ၆၀ ခုရှိပြီး ဥဇဘက်ကစ္စတန်၊ ကာဂျစ်စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့တွင်လည်း အလားတူအရေးအတွက်အတိုင်း စီမံကိန်းများ လွှဲပြောင်းပေးသွားရန်ရှိနေသည်။

ဥရောပနိုင်ငံများက ၎င်းတို့အနေဖြင့် အလယ်အာရှဒေသတွင် တရုတ်နိုင်ငံထက်ပိုမို၍ လျှော့ဒါန်းထောက်ပံ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသည်ဟုဆိုသည်။ EU အနေဖြင့် ဒေသတွင်း၌ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာဆွဲဆောင်မှုများ ပိုမိုရှိနေသည်ဟုဆိုသော်လည်း အဓိကကျသောစိန်ခေါ်မှုများဖြေရှင်းရာတွင် ထိတွေ့ဆက်ဆံမှုများ ပိုမိုလုပ်ဆောင်သွားသင့်ပေသည်။ သာဓကအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် တရုတ်နိုင်ငံသည် အလယ်အာရှဒေသကို EU ထက် ထိတွေ့ဆက်ဆံမှုပိုမိုလုပ်ဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် လာမည့်အနာဂတ်တွင် အလယ်အာရှဒေသ၌ EU နှင့် တရုတ်နိုင်ငံတို့၏ ယှဉ်ပြိုင်မှုပိုမိုမြင့်တက်လာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**China - Europe Competition in Central Asia by The Diplomat.**

မောင်သောင်းဝင်း(တမန်ဟောင်း)

# အောင်မြင်ခြင်း၏နောက်ကွယ်

ရွှေညာ(ရွာတန်းရှည်)

အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်သည် ဒေါသမပါ သည်းခံခြင်းပင်ဖြစ်သည်။ ကျရှုံးခြင်း၏ နောက်ကွယ်တရားခံသည် ဒေါသပင်ဖြစ်သည်။ သည်းခံခြင်းနှင့် ဒေါသသည် ဆန့်ကျင်ဘက်ဝိရောဓိဖြစ်သည်။ သည်းခံခြင်းသည် လောကီအရေး၊ လောကုတ္တရာအရေး၊ အရေးနှစ်ပါးလုံးကို အောင်မြင်စေရန်အတွက် အဓိကကျသောအကြောင်းရင်းတစ်ခုဖြစ်၏။

လောကီနယ်ပယ်၌ စီးပွားရေးလောကတွင် ဒီရေအလား စီးပွားတိုးတက်၍ အောင်မြင်ကျော်ကြားနေသူများရှိသကဲ့သို့ ပညာရေးလောက၊ အားကစားလောက၊ အနုပညာလောက၊ စာပေလောက၊ အခြားအခြားသော လောကအစုံ၊ နယ်ပယ်အစုံတို့၌လည်း အောင်မြင်နေကြသူများကို တွေ့နိုင်သည်။ ထိုသို့အောင်မြင်နေကြသူများသည် အခြားတစ်ဦးဦး၏ ဆန့်ကျင်မှု၊ ကာယကံမြောက် ကိုယ်ဖြင့်ပုတ်ခတ်မှု၊ ဝစီကံမြောက်ဆဲရေးတိုင်းထွာမှု၊ မျက်ကွယ်တွင် အမနာပပြောဆိုမှု၊ ကဲ့ရဲ့မှု၊ အပြစ်တင်မှု စသည့်အနှောင့်အယှက်များကို သည်းခံနိုင်၍သာ အောင်မြင်ခဲ့ကြသူများဖြစ်ကြသည်။

ကျွန်တော်တို့နေထိုင်ရာ လူမှုနယ်ပယ်တွင် လူမျိုးစုံကိုတွေ့ရနိုင်သည်။ လူကောင်းလည်းရှိသကဲ့သို့ လူဆိုးလည်းရှိသည်။ ထိုအကောင်းအဆိုး နှစ်ခုကပင် ကျွန်တော်တို့ကို အကောင်းအဆိုးကိုပြန်ပေးသည်ဟုသာ နားလည်ထားရမည်။ ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ အောင်မြင်မှုကိုတည်ဆောက်မရနိုင်သလို အောင်မြင်မှုသည် ပတ်ဝန်းကျင်ကိုအမှီပြု၍သာ ရရှိလာသောအသီးအပွင့်ဖြစ်သည်။ ထို့ကြောင့် အောင်မြင်မှုသည် ပတ်ဝန်းကျင်နှင့်ဒွန်တွဲ၍နေပေသည်။

အချို့သူများသည် အောင်မြင်မှုကိုရှာရင်း ကျရှုံးခဲ့ရသည်။ လမ်းပျောက်၍ဘဝပျက်ခဲ့ရသူများရှိသည်။ ထိုသူများသည် သည်းခံခြင်းကိုမျက်ကွယ်ပြု၍ ဒေါသကိုရှေ့ထား အမှားကြုံကြရသူများသာဖြစ်ကြသည်။ လူတိုင်းသည် အောင်မြင်လိုကြသည်။ သို့သော် လူတိုင်းသည် အောင်မြင်မှု၏ပြယုဂ်၊ အောင်မြင်မှု၏ လျှို့ဝှက်ချက်၊ အောင်မြင်မှု၏ နောက်ကွယ်က သည်းခံခြင်းတရားကို မေ့လျော့နေခဲ့ကြသည်။ ထို့ကြောင့် အောင်မြင်မှုကို လူတိုင်းမရရှိခဲ့ကြပေ။ အောင်မြင်မှုနှင့် လက်တစ်လှမ်းအလိုရောက်မှ ပြုတ်ကျသွားရသူများလည်းရှိသည်။

လောကုတ္တရာနယ်ပယ်သို့တက်လှမ်းရာ၌လည်း အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်တည်းဟူသော ကိလေသာအပူမှ ကင်းငြိမ်းအေးရာ မဟာသန္တိသုခ အသခ်တသို့ရောက်ရန်မှာ သည်းခံခြင်းအကျင့်သည်သာ ပဓာနဖြစ်သည်။

ပါရမီဆယ်ပါးတွင် ပါရှိသည့် ခန္တီပါရမီကို ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဟောတော်မူခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သုမေဓာရှင်ရသေ့ဘဝမှ အစပြု၍ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရှိပြီး ဘုရားဖြစ်သည့်တိုင်အောင် ဘဝများစွာ သည်းခံခြင်း ခန္တီပါရမီကို ဖြည့်ဆည်းတော်မူခဲ့သည်။

သည်းခံသည်ဟုဆိုရာ၌လည်း သူတစ်ပါး၏ရန်ကို ကြောက်၍၊ အဖွဲ့အစည်းကိုမတွန်းလှန်နိုင်၍၊ အုပ်စုတစ်ခုကိုမယှဉ်နိုင်၍၊ အင်အားခြင်းမညီမျှ၍၊ လက်ရှိရည်ခြင်းမတူ၍ စသည့်အကြောင်းတစ်စုံတစ်ခုကြောင့် ခေတ္တခဏ ခေါင်းငုံ့အရှုံးပေးပြီး "တစ်နေ့တော့ တွေ့ကြအုံးမှာပေါ့ကွာ"ဟု စိတ်မှာ အတေးအမှတ် အာဃာတထားပြီး အားမတန်၍ မာန်လျှော့လိုက်ရသည်ကိုမဆိုလို။

"ငါ့အပေါ်၌ လူမိုက်တို့ပြုလုပ်လာသော စော်ကားရန်ရှာမှုကို ငါကပြန်၍တုံ့ပြန်မှုပြုလျှင် ငါလည်း ထိုလူမိုက်တို့ကဲ့သို့ မိုက်မဲသူသာဖြစ်ပေမည်"ဟု ဘုရားအလောင်းတော်ကြံစည်တော်မူခဲ့သလို ဒေါသအလျှင်းမရှိ၊ စိတ်ပျက်အားငယ်မှုမရှိဘဲ ငြိမ်းချမ်းစွာအလျော့ပေးလိုက်ခြင်းကိုသာဆိုလိုသည်။

သည်းခံခြင်းသည် နှစ်မျိုးရှိ၏။ ပြင်ပ ဗဟိဒ္ဓပတ်ဝန်းကျင်ကိုသည်းခံခြင်းနှင့် အတွင်းအဇ္ဈတ္တကို သည်းခံခြင်းဖြစ်သည်။ ကာယကံဖြင့် ကိုယ်ထိလက်ရောက်စော်ကားတိုက်ခိုက်မှု၊ ဝစီကံနှုတ်ဖြင့် တိုက်ခိုက်မှု စသည့်တိုက်ခိုက်မှုအမျိုးမျိုးတို့ကို သည်းခံခြင်းသည် ပြင်ပဗဟိဒ္ဓကို သည်းခံခြင်းဖြစ်သည်။ မိမိ၏ ဆာလောင်မွတ်သိပ်မှု၊ လိုချင်တပ်မက်မှု၊ သုံးဖြုန်းလိုမှု၊ သောက်စားလိုမှု၊ ပျော်ပါးလိုမှု၊ ကြည့်ရှုလိုမှု စသည့်အာရုံငါးပါး ကာမဂုဏ်အမျိုးမျိုး ခံစားစံစားလိုစိတ်ကို သည်းခံနိုင်ခြင်းသည် အတွင်းအဇ္ဈတ္တကို သည်းခံခြင်းဖြစ်သည်။

လောကီအရေးဖြစ်စေ၊ လောကုတ္တရာအရေးဖြစ်စေ ကြီးပွားတိုးတက်လိုသူ၊ အောင်မြင်ထွန်းပေါက်လိုသူတိုင်းသည် အပြင်ဗဟိဒ္ဓကိုလည်း သည်းခံနိုင်ရမည်ဖြစ်ပြီး အတွင်းအဇ္ဈတ္တကိုလည်း သည်းခံနိုင်ရမည်။ အချို့သူများသည် အပြင်ဗဟိဒ္ဓတိုက်ခိုက်မှုကို သည်းခံနိုင်သော်လည်း အတွင်းအဇ္ဈတ္တကို သည်းမခံနိုင်ကြသည်ကိုတွေ့ရ၏။ အချို့သူများသည် အတွင်းအဇ္ဈတ္တကိုသည်းခံနိုင်သော်လည်း အပြင်ဗဟိဒ္ဓကို သည်းမခံနိုင်ကြသည်ကိုတွေ့ရ၏။ သည်းခံနိုင်သည်ဟုဆိုရာ၌ အတွင်း၊ အပြင် နှစ်မျိုးလုံးကို သည်းခံနိုင်မှသာ သည်းခံနိုင်သည်ဟု ဆိုလိုရာရောက်၏။

> **❖ လောကီအရေးဖြစ်စေ၊ လောကုတ္တရာအရေးဖြစ်စေ ကြီးပွားတိုးတက်လိုသူ၊ အောင်မြင်ထွန်းပေါက်လိုသူတိုင်းသည် အပြင်ဗဟိဒ္ဓကိုလည်း သည်းခံနိုင်ရမည်ဖြစ်ပြီး အတွင်းအဇ္ဈတ္တကိုလည်း သည်းခံနိုင်ရမည်။ အချို့သူများသည် အပြင်ဗဟိဒ္ဓတိုက်ခိုက်မှုကို သည်းခံနိုင်သော်လည်း အတွင်းအဇ္ဈတ္တကို သည်းမခံနိုင်ကြသည်ကိုတွေ့ရ၏။ အချို့သူများသည် အတွင်းအဇ္ဈတ္တကိုသည်းခံနိုင်သော်လည်း အပြင်ဗဟိဒ္ဓကို သည်းမခံနိုင်ကြသည်ကိုတွေ့ရ၏။ သည်းခံနိုင်သည်ဟု ဆိုရာ၌ အတွင်း၊ အပြင် နှစ်မျိုးလုံးကို သည်းခံနိုင်မှသာ သည်းခံနိုင်သည်ဟု ဆိုလိုရာရောက်၏။ ❖**

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သည်းခံခြင်း၏ အကျိုးငါးမျိုးကို ဟောကြားတော်မူခဲ့၏။ ထိုငါးမျိုးမှာ-

၁။ လူအများက ချစ်ခင်မြတ်နိုးခြင်း၊

၂။ ရန်သူကင်းရှင်းခြင်း၊

၃။ အပြစ်ပြသနာကင်းရှင်းခြင်း၊

၄။ မတွေမဝေသေရခြင်း၊

၅။ သေပြီးနောက် နတ်ပြည်ရောက်ရခြင်းတို့ဖြစ်ကြသည်။

လူအများ၏ ချစ်ခင်မြတ်နိုးမှုကိုရရှိရန်မှာ အလွန်ခဲယဉ်းသည်။ သို့သော် ထိုအရာကို သည်းခံခြင်းဖြင့် ရရှိနိုင်သည်။ သည်းခံနိုင်သူသည် အခြားသူများထက် လူချစ်လူခင်ပေါများသည်။ လူအများ၏ချစ်ခင်မြတ်နိုးမှုကိုရရှိနိုင်သည်။ ထို့ကြောင့် လောကီလောကုတ်နှစ်ဖြာသော အောင်မြင်မှုကိုရလိုလျှင် သည်းခံနိုင်ရမည်သာဖြစ်၏။

သည်းခံခြင်းသည် အောင်မြင်မှုရရှိရုံသာမက ကျက်သရေရှိသော၊ မင်္ဂလာရှိသော လူသားဘဝကိုလည်းပိုင်ဆိုင်နိုင်သည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သည်းခံခြင်းကို မင်္ဂလာတရား ၃၈ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ကြောင်း ဟောကြားထားသည်။

အောင်မြင်မှုကို ပျက်စီးစေမည့် အတိုက်အခိုက်အမျိုးမျိုးသည် မိမိပတ်ဝန်းကျင် မိမိနေရာဒေသ၌သာရှိသည်မဟုတ်ပေ။ လောကုတ္တရာနယ်ပယ်တွင်လည်း အနည်းနှင့်အများတော့ရှိကြသည်သာဖြစ်၏။

တစ်ခါက နယ်မြို့လေးတစ်မြို့တွင် ထင်ရှားသော ပရိယတ္တိစာသင်တိုက်ကြီးတစ်ခု၏ ပဓာနဆရာတော်ကြီးတစ်ပါးက မိန့်ဖူးသည်။ ထိုဆရာတော်ကြီးသည် နှစ်ကြိမ်တိုင်တိုင် ကျောင်းတိုက်အလုခံရဖူး၏။ နှစ်ကြိမ်လုံး စိတ်နှလုံးအေးငြိမ်းစွာထားရှိပြီး လိုချင်သူကို ဒေါသမပွားမေတ္တာထားလျက် ကြည်ကြည်ဖြူဖြူ အပ်နှံခဲ့ပြီး သည်းခံနိုင်ခဲ့၏။

ပထမတစ်ကြိမ်တွင် ကျောင်းထိုင်လိုသောဆရာတော်အား ကျောင်းကိုအပ်နှံခဲ့ပြီး သူကိုယ်တိုင် အနီးနေ အန္တေဝါသိကတပည့်အဖြစ် ပြုစုလုပ်ကျွေးနေထိုင်တော်မူ၏။ ခြောက်လခန့်ကြာသောအခါ ကျောင်းထိုင်ဆရာတော်သည် လူထွက်သွားသည်။ ဒုတိယအကြိမ်တွင်လည်း ကျောင်းထိုင်လိုသော ဆရာတော်အား ကျောင်းကိုလှူခဲ့သည်သာဖြစ်သည်။ ထိုကျောင်းထိုင်ဆရာတော်သည်လည်း တစ်နှစ်ခန့်ကြာသောအခါ ပျံလွန်တော်မူသွားခဲ့သည်။ ထိုဆရာတော်ကြီး၏ စွဲကိုင်ထားသောအကျင့်သည် သည်းခံခြင်းပင်ဖြစ်လေသည်။ အတုယူလိုက်နာကျင့်သုံးသင့်ပေ၏။ ထိုဆရာတော်ကြီးသည် " ငါ ဒီကျောင်းတိုက်ကို ရောက်ခါစက စာသင်သားရဟန်းသံဃာ နှစ်ဆယ်ကျော်ပဲရှိသေးတာ၊ အခုသုံးရာကျော်ရှိတယ်။ ငါ့လက်ထက်မှာ ဓမ္မာစရိယဘွဲ့ရသွားတာ နှစ်ဆယ်ကျော်သွားပြီ။ အခုလို အောင်မြင်လာတာ ငါရဲ့သည်းခံနိုင်မှုကြောင့်ပဲ။ ငါသာ သည်းခံနိုင်မှုမရှိခဲ့ရင် ငါလဲ ဒီကျောင်းတိုက်မှာရှိမှာမဟုတ်ဘူး။ အခုလို သာသနာပြုခွင့်လဲ ရမှာမဟုတ်ဘူး။ သည်းခံတယ်ဆိုတာ သူများအတွက်မဟုတ်ဘူး။ ကိုယ့်အတွက်ကွ"ဟု ဩဝါဒပေးဖူး၏။

တစ်ခါက ဒီယဘာဏကအဘယဆိုသော မထေရ်မြတ်တစ်ပါးရှိခဲ့ဖူးသည်။ ထိုမထေရ်မြတ်သည် တရားပွဲတစ်ခု၌ မဟာအရိယာဝံသ အကျင့်မြတ်တရားကို ဟောတော်မူ၏။ တရားနာပရိသတ်တို့သည် မထေရ်မြတ်အား များစွာသောပူဇော်သက္ကာရပြုကြ၏။ တစ်ပါးသောမထေရ်ကြီးသည် ဒီယဘာဏကအဘယမထေရ်အား ဣဿာမစ္ဆရိယစိတ်ဖြင့် ဆဲရေးလေသည်။ ထိုသို့ဆဲရေးသည်ကို တစ်ခွန်းမျှမပြောဆိုဘဲ အဘယ်ကြောင့်ငြိမ်ခံရပါသနည်းဟု အတူပါရဟန်းတစ်ပါးက မေးလျှောက်ထားရာ ဒီယဘာဏကအဘယ မထေရ်က "ငါ့ရှင် သည်းခံခြင်းသည် ငါ၏တာဝန်ဖြစ်၏"ဟု မိန့်တော်မူခဲ့သည်။

ကျွန်တော်တို့သည် အောင်မြင်မှုကိုအလွန်လိုလားသော ပုထုဇဉ်များသာဖြစ်ကြသည်။ ပုထုဇဉ်လူသားများဖြစ်ကြသည့်အလျောက် ဆဲရေးသူကိုပြန်၍သာ ဆဲရေးမှုပြုကြ၏။ တိုက်ခိုက်သူကို ပြန်၍သာတိုက်ခိုက်လေ့ရှိ၏။ ဒီယဘာဏကအဘယမထေရ်ကဲ့သို့ သည်းခံခြင်းသည် ငါ၏တာဝန်ဟု နှလုံးသွင်းရန် အလွန်ခဲယဉ်းလှသည်။ အမှန်စင်စစ် ဆဲရေးတတ်သူသည် ဆဲရေးခြင်းအမှုကို ပြုလုပ်နေမည်သာဖြစ်သည်။

သည်းခံမှုသည် သည်းခံသူ၏ တာဝန်သာဖြစ်သလို အောင်မြင်မှုရရှိသည်ထိ သည်းခံနေရမည်သာဖြစ်သည်။ မိမိလိုရာပန်းတိုင် အောင်မြင်မှုရှိရာသို့ ရောက်ဖို့သာအဓိကဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားလက်ထက်တော်က သုနာပရန္တတိုင်းမှ သူဌေးကြီးပုဏ္ဏသည် သာဝတ္ထိပြည်သို့ ရောက်လာ၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားတော်ကိုနာကြားရပြီး ရဟန်းပြုလေ၏။ ရဟန်းပြုပြီးနောက် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား သုနာပရန္တဇနပုဒ်သို့ သွားရောက်တရားအားထုတ်လိုပါကြောင်း လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် "ချစ်သားပုဏ္ဏ သုနာပရန္တတိုင်းသားတို့သည် ဒေါသကြီး၍ ကြမ်းကြုတ်၏။ ထိုသူတို့သည် သင့်အားဆဲရေးကုန်အံ့။ သင်သည်အဘယ်သို့ သည်းခံမည်နည်း"ဟု မေးတော်မူ၏။

"အရှင်ဘုရား တပည့်တော်ကိုဆဲရေးကုန်အံ့။ ထိုသူတို့သည် ငါ့အားဆဲရေးခြင်းကိုသာပြုကြကုန်၏။ လက်ဖြင့် ပုတ်ခတ်ခြင်းကိုမပြုကြကုန်။ ထိုနည်းတူ လက်ဖြင့် ပုတ်ခတ်ခြင်းပြုကြကုန်သော်လည်း ငါ့အား အုတ်ခဲဖြင့် ပစ်ခတ်ခြင်းကိုမပြုကြကုန်သေး။ အုတ်ခဲဖြင့် ပစ်ခတ်ခြင်းပြုကြကုန်သော်လည်း တောင်ဝှေး၊ တုတ်၊ တင်းပုတ်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ခြင်းကို မပြုကြကုန်သေး။ တောင်ဝှေး၊ တုတ်၊ တင်းပုတ်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ခြင်းကို ပြုကြကုန်သော်လည်း ဓား၊ လှံ လက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်းကို မပြုကြကုန်သေး။ ဓား၊ လှံလက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်းကို ပြုကြကုန်သော်လည်း ငါ့အား သေအောင်မသတ်ကြကုန်သေး။ တော်ကြပါပေ၏"ဟု သည်းခံခြင်းတရားဖြင့်သာ နေပါမည်ဘုရား။

"အရှင်ဘုရားတပည့်တော်အား ဓား၊ လှံ၊ လက်နက်တို့ဖြင့်သေအောင် သတ်ကုန်ငြားအံ့။ ကိုယ်နှင့်အသက်ကို ငြီးငွေ့နေသူတို့အတွက် ကိုယ့်ဘာသာမသတ်ရပါဘဲ ဓားဖြင့်ခုတ်သတ်ပေးကြကုန်၏။ တော်ကြပါပေ၏။ ကျေးဇူးကြီးမားပါပေ၏" သည်းခံခြင်းတရားဖြင့်သာ နေပါမည်ဟုဖြေသည်။

ဤသို့လျှင် ပုဏ္ဏမထေရ်သည် သည်းခံခြင်းတရားဖြင့်သာ နေထိုင်ပါမည်ဟု ဗုဒ္ဓဘုရားရှင်အား လျှောက်ထားပြီး သုနာပရန္တတိုင်းသို့သွား၍ ဝါဆိုတော်မူ၏။ ထိုဝါတွင်း၌ပင် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူ၏။

ကျွန်တော်တို့သည် ပုဏ္ဏမထေရ်ကဲ့သို့ ဓား၊ လှံ လက်နက်ထိ သည်းခံစရာမလို။ သည်းခံနိုင်လိမ့်မည်လည်း မဟုတ်ပါ။ သို့သော် အောင်မြင်မှုကိုမဖြစ်မနေရလိုလျှင် ပုဏ္ဏမထေရ်ကဲ့သို့ သည်းခံနိုင်ရမည်ဖြစ်သည်။

သည်းခံခြင်းတရားသည် အောင်မြင်ခြင်း၏ နောက်ကွယ်မှ အကြောင်းတရားဖြစ်သည်မှာ အလွန်ထင်ရှားလှပါသည်။ အောင်မြင်လိုသူတိုင်းသည် အစစအရာရာသည်းခံနိုင်ခြင်းနှင့် ပြည့်စုံသောသူမှသာ ကြီးပွားတိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- **မဟာဗုဒ္ဓဝင်ကျမ်း၊**
- **ထေရဂါထာ၊ ပုဏ္ဏထေရဝတ္ထု၊**
- **အင်္ဂုတ္တိုရ်ပါဠိတော်- ၂၊**
- **မဇ္ဈိမနိကာယ်အဋ္ဌကထာ၊**

# အမျိုးသမီးကမ္ဘာ့ဖလား အုပ်စုအဖွင့်ပွဲစဉ်မှာ ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ နယ်သာလန်၊ ပြင်သစ်၊ ဆွီဒင်အသင်းတို့ကို အားပေးရမှာပါ



တနင်္ဂနွေနေ့ညမှာတော့ ၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားအုပ်စု (E)၊ (F)၊ (G) အဖွင့်ပွဲစဉ်တွေကို ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီအုပ်စုတွေမှာတော့ ဥရောပဇုန်ကအသင်းကြီးတွေ တစ်အုပ်စုတည်း ကျရောက်နေတာကြောင့် အကြိတ်အနယ်ရှိလာမှာသေချာပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၂၀ ရက်ကကျင်းပခဲ့တဲ့ အုပ်စုအဖွင့်ပွဲစဉ်တွေမှာတော့ အိမ်ရှင်အသင်းတွေဖြစ်တဲ့ နယူးဇီလန်နဲ့ ဩစတြေးလျအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး အဖွင့်လှခဲ့တာကိုတွေ့ရမှာပါ။ လာမဲ့ တနင်္ဂနွေနေ့မှာတော့ တိုက်စစ်ပိုင်းထက်မြက်ပြီး အစဉ်အလာကောင်းတဲ့ အသင်းကြီးတွေကိုပဲ ဆက်လက်အားပေးရမှာဖြစ်ပါတယ်။

### နယ်သာလန်အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့မှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နယ်သာလန်နဲ့ ပေါ်တူဂီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နယ်သာလန်အမျိုးသမီးအသင်းဟာ လက်ရှိကမ္ဘာ့အဆင့်(၉)မှာရပ်တည်နေသလို ကမ္ဘာ့ဖလားခြေစစ်ပွဲကိုလဲ ခြောက်ပွဲနိုင် နှစ်ပွဲသရေ ရှုံးပွဲမရှိဘဲ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲမှာ အိုက်စလန်၊ ချက်၊ ဘီလာရုစ်၊ ဆိုက်ပရက်စ်တို့နဲ့ တွေ့ဆုံခဲ့ပေမဲ့ ပုံစံကောင်းပြသနိုင်ခဲ့သလို တိုက်စစ်ပိုင်းကသွင်းဂိုး ၃၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ နယ်သာလန်အမျိုးသမီးအသင်းဟာ လက်ရှိပြိုင်ပွဲအုပ်စု(E)မှာ အမေရိကန်၊ ပေါ်တူဂီ၊ ဗီယက်နမ်တို့နဲ့ တွေ့ဆုံနေတာဖြစ်ပါတယ်။ ဒီအုပ်စုမှာ အမေရိကန်ကလွဲရင် ကျန်အသင်းတွေက နယ်သာလန်အတွက် ကစားရလွယ်ကူနေတာကြောင့် အခုပေါ်တူဂီနဲ့ ပွဲစဉ်ဟာမဖြစ်မနေနိုင်ပွဲရဖို့ အရေးကြီးနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိသေးပေမဲ့ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးခဲ့တာဖြစ်ပါတယ်။ သူတို့ရှုံးခဲ့တာကလဲ ပြင်သစ်၊ ဂျာမနီ၊ နော်ဝေအသင်းတွေကိုဖြစ်တာကြောင့် ပေါ်တူဂီလိုအသင်းကိုတော့ ပွဲချိန်ပြည့်အားပေးနိုင်ဖို့များပါတယ်။

ပေါ်တူဂီအမျိုးသမီးအသင်းကတော့ ကမ္ဘာ့အဆင့် ရပ်တည်ချက်အဆင့်(၂၁)မှာရှိနေပြီး ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာတော့ အခုတစ်ကြိမ်ကလွဲရင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဥရောပကလပ်အသင်းငယ်တွေမှာကစားနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲဆက် ရှုံးပွဲမရှိခဲ့ပါဘူး။ လက်ရှိသူတို့အသင်းတိုက်စစ်ကို ကာရိုလီနာ၊ ဂျက်ဆီကာ၊ ဒိုင်ယာနာတို့နဲ့ စုဖွဲ့ထားပေမဲ့ အဲဒီကစားသမားတွေဟာ တိုက်စစ်ကောင်းတဲ့ အသင်းတွေနဲ့ဆို ဂိုးရဖို့ရှုန်းကန်နေရတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ယူရိုခြေစစ်ပွဲစဉ်မှာဖြစ်ပြီး နယ်သာလန်အသင်းက သုံးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းကစားသမားစုဖွဲ့မှုမှာတော့ နယ်သာလန်က ပေါ်တူဂီထက်အသာရနေသလို တိုက်စစ်ကစားပုံမှာလဲ နယ်သာလန်ကပိုကောင်းနေ တာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ပေါ်တူဂီကိုအနိုင်ရရင် နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့သေချာနေတာကြောင့် နိုင်ပွဲရှာဖို့ ကြိုးပမ်းလာမဲ့ နယ်သာလန်နဲ့လက်တွဲရမှာပါ။

### နယ်သာလန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၁ | - | ၀ | နယ်သာလန် |
| နယ်သာလန် | ၁ | - | ၀ | အိုက်စလန် |
| နယ်သာလန် | ၀ | - | ၂ | နော်ဝေ |
| နယ်သာလန် | ၂ | - | ၀ | ဒိန်းမတ် |
| နယ်သာလန် | ၀ | - | ၁ | ဂျာမနီ |

### ပေါ်တူဂီအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပေါ်တူဂီ | ၄ | - | ၀ | တူရကီ |
| ပေါ်တူဂီ | ၂ | - | ၁ | ဘယ်လ်ဂျီယံ |
| ပေါ်တူဂီ | ၄ | - | ၁ | အိုက်စလန် |
| ပေါ်တူဂီ | ၂ | - | ၁ | ကင်မရွန်း |
| အင်္ဂလန် | ၀ | - | ၀ | ပေါ်တူဂီ |

### ပြင်သစ်အသင်းပဲ အနိုင်ရမှာပါ

တနင်္ဂနွေနေ့မှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုအဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ပြင်သစ်အသင်းနဲ့ ဂျမေကာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြင်သစ်အမျိုးသမီးအသင်းဟာ ကမ္ဘာ့ဖလားမှာ ချန်ပီယံဆုမရခဲ့ပေမဲ့ ၂၀၀၇ ခုနှစ်နောက်ပိုင်းကစပြီး အနိမ့်ဆုံးအဆင့် ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိ ဥရောပထိပ်သီးကလပ်တွေဖြစ်တဲ့ ပီအက်စ်ဂျီ၊ မန်ယူ၊ ချဲလ်ဆီး၊ လိုင်ယွန်၊ ရီးရဲလ်မက်ဒရစ် အသင်းတွေက ခြေစွမ်းပြနေတဲ့ ကစားသမားတွေစုဖွဲ့ထားတာဖြစ်လို့ အခုအုပ်စုမှာ ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာအုပ်စု(F)မှာ ဘရာဇီး၊ ဂျမေကာ၊ ပနားမားတို့နဲ့ တွေ့ဆုံနေပေမဲ့ ဘရာဇီးတစ်သင်းပဲ ပွဲကျပ်ကစားရမှာဖြစ်ပြီး ကျန်အသင်းတွေကိုတော့ အလွယ်တကူကျော်ဖြတ်နိုင်မှာသေချာပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲအဆင့်မှာ ဝေးလ်၊ ဆလိုဗေးနီးယား၊ ဂရိ၊ အက်စ်တိုးနီးယား၊ ကာဇက်စတန်တို့နဲ့ကစားခဲ့ရပြီး ၁၀ ပွဲစလုံးအနိုင်ရခဲ့တာဖြစ်ပါတယ်။

ဂျမေကာအသင်းဟာ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှပဲ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အခုနှစ်နဲ့ဆို ကမ္ဘာ့ဖလားသမိုင်းမှာ ခြေစစ်ပွဲ နှစ်ကြိမ်ပဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နိုင်ငံအတွင်း ကစားသမားအများစုနဲ့ပဲ ဖွဲ့စည်းထားတာဖြစ်လို့ အခုအုပ်စုမှာ ခြေစွမ်းပိုင်းအားနည်းနေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံမှာလဲ တစ်ပွဲပဲအနိုင်ရခဲ့ပြီး လေးပွဲရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ခံစစ်ပိုင်းပေးဂိုး ၁၁ ဂိုးထိ ရှိခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ ကွန်ကာကပ်ဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အမေရိကန်၊ ဟေတီ၊ မက္ကဆီကိုတို့နဲ့ တွေ့ဆုံခဲ့ပေမဲ့ အမေရိကန်တစ်သင်းထဲကိုပဲရှုံးခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီပွဲစဉ်တွေမှာ ခံစစ်ပိုင်းကတိုက်စစ်ထက်မြက်တဲ့ အမေရိကန်ကို ငါးဂိုးထိခွင့်ပြုခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းနည်းပြကတော့ ခံစစ်အသားပေးကစားနေပေမဲ့ ပြင်သစ်အသင်းလိုတိုက်စစ်ပိုင်းကောင်းနေတဲ့ အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဗီဗီယာနီ၊ ဒီယာနီ၊ လီဆိုမာတို့ ဦးဆောင်လာမဲ့ ပြင်သစ်အသင်းပဲ အနိုင်ရမှာပါ။

### ပြင်သစ်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၀ | - | ၀ | နော်ဝေ |
| ပြင်သစ် | ၅ | - | ၂ | ကိုလံဘီယာ |
| ပြင်သစ် | ၂ | - | ၁ | ကနေဒါ |
| အိုင်ယာလန် | ၀ | - | ၃ | ပြင်သစ် |
| ဩစတြေးလျ | ၁ | - | ၀ | ပြင်သစ် |

### ဂျမေကာအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မက္ကဆီကို | ၀ | - | ၁ | ဂျမေကာ |
| ဂျမေကာ | ၀ | - | ၅ | အမေရိကန် |
| ဂျမေကာ | ၄ | - | ၀ | ဟေတီ |
| ကနေဒါ | ၃ | - | ၀ | ဂျမေကာ |
| ကော်စတာရီကာ | ၀ | - | ၁ | ဂျမေကာ |

### ဆွီဒင်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့မှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဆွီဒင်အမျိုးသမီးအသင်းနဲ့ တောင်အာဖရိက အမျိုးသမီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာက ၂၀၁၉ ခုနှစ် ခြေစမ်းပွဲစဉ်မှာဖြစ်ပြီး ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ဆွီဒင်အသင်းဟာ ဥရောပဇုန်မှာ အကောင်းဆုံးအသင်းတွေထဲက တစ်သင်းဖြစ်သလို ကမ္ဘာ့အဆင့်(၃)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အိုင်ယာလန်၊ ဖင်လန်၊ ဆလိုဗေးနီးယား၊ ဂျော်ဂျီယာတို့နဲ့ တွေ့ဆုံခဲ့ပေမဲ့ ခုနစ်ပွဲနိုင် တစ်ပွဲသရေရှုံးပွဲမရှိ အုပ်စုဗိုလ်နဲ့ တိုက်ရိုက်ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းသွင်းဂိုး ၃၁ ဂိုးသွင်းယူခဲ့ပြီး ခံစစ်ပိုင်းနှစ်ဂိုးပဲရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာလဲ နှစ်စဉ်ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ဒုတိယတစ်ကြိမ်၊ တတိယသုံးကြိမ်နဲ့ အနိမ့်ဆုံးအဆင့် ၁၆ သင်းရှုံးထွက်ထိ ရောက်ရှိခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ လက်ရှိနည်းပြဂါဟတ်ဆန် လက်ထက်မှာလဲ စုဖွဲ့မှုအကောင်းဆုံးဖြစ်နေပြီး တိုက်စစ်ပိုင်းမှာ အာဆင်နယ်က ဘလက်စတန်းနီးယက်စ်၊ လီနာ၊ အေစီမီလန်က အက်စလာနီ တို့ပါဝင်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုအုပ်စုမှာအာဂျင်တီးနား၊ အီတလီ၊ တောင်အာဖရိကတို့နဲ့တွေ့ဆုံနေပြီး ပွဲကျပ်ကစားရမှာဖြစ်လို့ အခုပွဲစဉ်ကိုမဖြစ်မနေနိုင်ပွဲရှာရမှာပါ။

တောင်အာဖရိကအမျိုးသမီးအသင်းဟာ အခုအုပ်စုမှာကစားသမားစုဖွဲ့မှု အားအနည်းဆုံးအသင်းဖြစ်သလို ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံလဲ အနည်းဆုံးအသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၁၉ ခုနှစ် တစ်ကြိမ်ပဲ ခြေစစ်ပွဲအောင်မြင်ခဲ့သလို အုပ်စုအဆင့်ကထွက်ခွာခဲ့ရတာကိုတွေ့ရမှာပါ။ အခုနှစ်မှာလဲ ဒုတိယအကြိမ်ခြေစစ်ပွဲအောင်မြင်ခဲ့ပေမဲ့ အာဂျင်တီးနား၊ အီတလီ၊ ဆွီဒင်တို့လို ကစားအားကောင်းတဲ့ အသင်းတွေနဲ့ တွေ့ဆုံနေတာကြောင့် အုပ်စုကလှည့်ပြန်ရဖို့များနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြအီလစ်တာဝန်ယူခဲ့တဲ့ ၂၀၁၆ ခုနှစ်နောက်ပိုင်း ဒေသတွင်းပြိုင်ပွဲတွေမှာ အောင်မြင်မှုရခဲ့ပြီး ကိုဆာဖာဖလားသုံးကြိမ်၊ ၂၀၂၂ ခုနှစ် အာဖရိကဖလားတစ်ကြိမ်ဆွတ်ခူးခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ အတွေ့အကြုံနည်းပါးနေသေးတာကြောင့် အုပ်စုအဆင့်ကပဲ ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုလေးကြိမ်မှာ ဆွီဒင်အသင်းက သုံးကြိမ်နိုင်၊ တစ်ပွဲ သရေနဲ့ အသာရထားသလို ကမ္ဘာ့ဖလားမှာလဲ အနိမ့်ဆုံးရှုံးထွက်အဆင့် တက်ရောက်ခဲ့တာကြောင့် ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဆွီဒင်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဆွီဒင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဩစတြေးလျ | ၄ | - | ၀ | ဆွီဒင် |
| ဆွီဒင် | ၄ | - | ၁ | တရုတ် |
| ဂျာမနီ | ၀ | - | ၀ | ဆွီဒင် |
| ဆွီဒင် | ၀ | - | ၁ | ဒိန်းမတ် |
| ဆွီဒင် | ၃ | - | ၃ | နော်ဝေ |

### တောင်အာဖရိကအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၃ | - | ၀ | တောင်အာဖရိက |
| နော်ဝေ | ၇ | - | ၂ | တောင်အာဖရိက |
| စပိန် | ၃ | - | ၁ | တောင်အာဖရိက |
| တောင်အာဖရိက | ၀ | - | ၁ | တရုတ် |
| တောင်အာဖရိက | ၀ | - | ၄ | ဂျာမနီ |

# ကာကွယ်ပေးသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

# DENTOMEC






DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော







"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"

# ရတနာပုံ ခန်းမ

## ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊
ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊
မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ဈေးရောင်းပွဲတော်များ၊
အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်းနှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးစံပြရွာမ(၁)ကျေးရွာ ရှိ ကွင်းအမှတ်(၆၇၈)၊ ဦးပိုင်အမှတ်(၂၆/ခ)၊ ဧရိယာ (၀. ၅၇)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ (၆၀×၄၅)ပေအကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ၊ ရေ+မီး အပါအဝင် ဆက်လက်သုံးစွဲပိုင်ခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဇော်မင်းထွန်း (ဘ)ဦးခင်ဇော် (၉/ခအဇ(နိုင်)၀၄၅၄၈၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက၊ ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဒေါ်အိအိသိန်း (စဥ်-၁၀၂၂၀) ဒေါ်ခင်စန်းယု (စဥ်-၁၀၂၆၅)

(တရားလွှတ်တော်ရှေ့နေများ)

အတွက်(၈၅၂)၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

၀၉-၉၁၀၀၈၁၂၈

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ လက်ဇွေ့ကျေးရွာအုပ်စု၊ ချင်းလျားရွာသစ်၊ အလက၊ Grade-4 မှ မစုမြတ်နဒီအောင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်မောင် ဖြစ်ပါကြောင်း။

ဦးကျော်မောင်(၉/မလန(နိုင်)၁၂၇၅၁၁)

## ဝန်ထမ်းအလိုရှိသည်

အလုပ်သမား ကျား (၅) ဦး

-မန္တလေးမြို့တွင်းနေထိုင်သူ

-၃၅လမ်း၊ ၈၄×၈၅ ကြား

(ပွိုင့်အလူမီနီယံလုပ်ငန်း)

09-2010407 , 09-978079919

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်မြို့နယ်၊ သံရွာ၊ အ. ထ. က ကျောင်းတွင် အထက်တန်းပြဆရာဝန်ထမ်းဆောင်နေသော ဒေါ်သန္တာအောင်(ဘ) ဦးငွေးအောင် (၉/အမရ(နိုင်)၁၁၁၈၈၆) ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၆-၁၉၈၇ ဖြစ်ပါကြောင်း။ ၉-၆-၁၉၈၇

## ကြိုတင်ကာကွယ် မီးအန္တရာယ်

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ မုံပင်ကျေးရွာအုပ်စု၊ ကန်ကြီးကျေးရွာနေ မခိုင်စန်းနွယ် နှင့် မအိအိမွန် တို့၏ မိဘအမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအေးရွှေ - ဒေါ်ထွေးယဉ် ဖြစ်ပါကြောင်း။

ဦးအေးရွှေ (၉/စကတ(နိုင်)၁၃၅၁၂၂)

ဒေါ်ထွေးယဉ် (၉/စကတ(နိုင်)၁၂၄၃၄၄)

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ရင်းကျေးရွာအုပ်စု၊ နဘဲပင်ကျေးရွာနေ **မဝေဇင်ထက် (ဘ) ဦးတင်ညွန့်၏သမီး၊ မှတ်ပုံတင်အမှတ် ၉/စကတ(နိုင်) ၁၃၁၅၁၃** ကိုင်ဆောင်သူသည် မိဘစကား နားထောင်မှုမရှိခြင်း၊ ပြောဆိုဆုံးမမှုများအား နာခံမှုမရှိပါသဖြင့် မဝေဇင်ထက် အား (၂၀-၇-၂၀၂၃)ရက်နေ့မှစတင်၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိရှိစေရန်နှင့် နောက်နောင်တွင် မဝေဇင်ထက် နှင့်ပတ်သက်၍ မည်သည့်ကိစ္စ ရပ်မျိုးကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(အုပ်ထိန်းသူ)

ဦးတင်ညွန့် (၉/စကတ(နိုင်)၀၁၅၄၅၇)

နဘဲပင်ကျေးရွာ

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်...

❖ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင် စာပေလေ့လာမှုသာမက မိမိတို့၏ သားသမီးများကိုလည်း စာပေ၊ ဗဟုသုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လို...

❖ ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့်တိုင်းပြည်၏အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်



ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရှင်းလင်းပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**ပျူခေတ်ဝတ်စားဆင်ယင်မှု၊ ပျူလူမျိုးတို့၏ မျိုးရိုးဗီဇနှင့် သက်တမ်းတွက်ချက်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိ**

စာမျက်နှာ - ၁၁

**ထိုင်းဖိတ်ခေါ်ပွဲဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ပွဲဆယ်အသင်း အုပ်စု(က)တွင် အိမ်ရှင်ထိုင်းအသင်းနှင့်အတူ ကျရောက်**

စာမျက်နှာ - ၈